# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၈၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

## ရော်ဘာကို စီးပွားဖြစ် နယ်ပယ်တိုးချဲ့စိုက်ပျိုး

ရော်ဘာကို တနင်္သာရီတိုင်းသာမက ရခိုင်ပြည်နယ်အပါအဝင် အခြားစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ဒေသများ၌ပါ နယ်ပယ်တိုးချဲ့၍ စီးပွားဖြစ် စိုက်ပျိုးသွားစေလိုကြောင်း၊ မြေပြန့်မှာသာမက တိုင်းပြည်၏ပေါများလှသော တောင်စောင်း၊ တောင်ကုန်းများကိုပါ အသုံးချ တိုးချဲ့စိုက်နိုင်ရန်လို။

# တနင်္သာရီတိုင်း၌ ဆီအုန်းကော ငါးသိန်းစိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ဆီအိုးဖြစ်လာရေးကြိုးစား

# ပြည်တွင်းပြည်ပဈေးကွက်ရ ရော်ဘာကို ကေနှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ရန် အားထုတ်

# ဆီအုန်းနှင့်ရော်ဘာ အောင်အောင်မြင်မြင်ထုတ်လုပ်နိုင်က ပြည်သူများလူနေမှုအဆင့်မြင့်လာမည်

# တနင်္သာရီတိုင်းသည် နိုင်ငံတော်က အားထားရသောတိုင်းကြီးအဖြစ် အမှန်တကယ်ဖြစ်ပေါ်လာနိုင်

**ရန်ကုန် မေ ၅**

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေ ၄ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

**နိုင်ငံတော်ပွဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၆ ရက်)

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် မြှင့်တင်ဖော်ဆောင် ပြည်ထောင်စုကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ နေထိုင်စားသောက်မှု အခွင့်အလမ်းနှင့် ကောင်းကျိုးခံစားခွင့်ရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စသည်တို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒများနှင့်အညီ လုပ်ငန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့ပြဒေသဖွံ့ဖြိုးရေး စီမံကိန်းများ၊ အိမ်ရာမြေကွက်နှင့် စက်မှုမြေကွက်စီမံကိန်းများ၊ မြို့ပြပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်အိမ်ရာ စီမံကိန်းများ၊ ရေရရှိရေးနှင့် သန့်ရှင်းရေးစီမံကိန်းများ စသည့်စီမံကိန်းများကို မြို့ပြဒေသများသာမက နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းတာဝန်ကြီးလေးရပ်အနက် ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာပြီး နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလာမည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၃ရက်နေ့က တနင်္သာရီတိုင်းခရီးစဉ်အတွင်း မြိတ်မြို့သစ်ဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားရာတွင်–

> **“နိုင်ငံတော်အပိုင်းက ပြည်သူများအတွက် နေရေး၊ ထိုင်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးရာ၌ ကျန်းမာရေးအရ၊ လူမှုရေးအရ၊ သွားရေးလာရေးအရလည်း လွယ်ကူအဆင်ပြေမည့် မြို့သစ်ဖြစ်အောင် ကူညီစောင့်ရှောက်ပေးသွားရမှာဖြစ်ကြောင်း၊ နေရေး၊ ထိုင်ရေးအဆင်ပြေပါက စားရေး၊ ဝတ်ရေးတို့လည်း ဆက်စပ်အဆင်ပြေသွားမည် ဖြစ်ကြောင်း”**

မိန့်ကြားသွားသည်။

တနင်္သာရီတိုင်းအတွင်းရှိ မြိတ်မြို့သည် ရပ်ကွက်ပေါင်း၁၂ခုရှိပြီး ရပ်ကွက်ခြောက်ခုတွင် နေထိုင်သည့် လူဦးရေမှာထူထပ်သိပ်သည်းလျက်ရှိသည်။ မြို့နယ်အတွင်းဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ သားငါးလုပ်ငန်းအခြေခံတို့ကြောင့် မြိတ်မြို့မှာပိုမိုဖွံ့ဖြိုးတိုးတက်လာပြီးမြို့၏လူဦးရေမှာလည်း တိုးပွားလာမည်ဖြစ်သည်။

ထို့ကြောင့် ရေရှည်ကိုမျှော်မှန်း၍ ယခုကတည်းက မြိတ်မြို့သစ်တစ်ခု ဖော်ထုတ်တည်ဆောက်နိုင်ရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မြိတ်မြို့သစ် ဖော်ထုတ်ရေးအတွက် မြိတ်မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ကျောက်ဖျာနယ်မြေ မြို့သစ်(ကဘင်း–ပရည်တောင်မြို့ရှောင်ကွင်းလမ်းအပိုင်း)၊ ကဘင်း–အထူးဆိပ်ဒေသမြို့သစ်၊ ကျောက်ဖျာရွာဟောင်းနှင့် အထူးဆိပ်ရွာအကြား ဆိပ်ကမ်းနယ်မြေ မြို့ကွက်သစ်တို့ကို မြို့သစ်ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

မြိတ်မြို့နှင့် ဆက်စပ်နေသည့် ကျွဲကူး–ကျောက်ဖျာတံတား ကျောက်ဖျာဘက်ကမ်းမှ ရွေးချယ် ထားသည့် မြို့သစ်နေရာ၌ မြို့ပြစီမံကိန်းများနှင့်အညီ သာယာလှပ၍ နေချင်စဖွယ်ကောင်းသည့် မြိတ်မြို့သစ် ဖြစ်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားကြရမည် ဖြစ်သည်။

မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ဘက်စုံစီမံဆောင်ရွက်ပေးလျက်ရှိရာ မြိတ်မြို့အစိုးရနည်းပညာကောလိပ်ကို တည်ဆောက်ရန်လည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မြိတ်မြို့နယ်တွင် မြို့ပြဖွံ့ဖြိုးရေးသာမက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုပါ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ရာ မြိတ်ဒေသသည် ယခင်နှင့်မတူ တစ်မူထူးခြားလာတော့မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်က မြို့ပြနှင့်ကျေးလက် ကွာဟမှု နည်းပါးရေးအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ရရှိလာသောအတွေ့အကြုံကောင်း၊ အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်း မြှင့်တင်ကြိုးပမ်းသွားခြင်းဖြင့် ပြည်ထောင်စုကြီး ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင် တောင်အာရှနိုင်ငံများသို့ ခရီးထွက်

ပေကျင်း ဧပြီ ၄

**တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် ယခုသီတင်းအပတ်မှ စတင်ကာ တောင်အာရှနိုင်ငံများသို့ ခရီးလှည့်လည်ရာတွင် အဆင့်မြင့်သံတမန်တစ်ဦးက အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးမှုနှင့်စီးပွားဖက်အဖြစ် အရေးကြီးသော ခရီးဖြစ်ကြောင်း သောကြာနေ့၌ သုံးသပ်ပြောကြားခဲ့သည်။**

တောင်အာရှသည် ဒေသအတွင်း၌ တရုတ်နိုင်ငံ၏ သံတမန်ရေးအတွက်လည်း အရေးကြီးသောအနေအထား၌ရှိကြောင်း၊ တောင်အာရှရှိနိုင်ငံအားလုံးနှင့် ခင်မင်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်ရန်အလွန်အရေးကြီးသည်ဟု တရုတ်နိုင်ငံက သဘောပေါက်ကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝူဒါဝီက ဝန်ကြီးချုပ်၏ ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲလုပ်ရာ၌ ပြောကြားသည်။

**ပထမဆုံး**

ဝန်ကြီးချုပ်သည် ဧပြီလ ၅ရက်မှ ၁၂ရက်အထိ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သို့ တရားဝင်အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ရာ တောင်အာရှလေးနိုင်ငံသို့ ပထမဆုံးသွားရောက်သော ဝန်ကြီးချုပ်၏ ခရီးဖြစ်သည်။ ဝန်ကြီးချုပ်၏ ခရီးစဉ်သည် တရုတ်နှင့်တောင်အာရှနိုင်ငံများ အစဉ်အလာရှိသော ခင်မင်ရင်းနှီးမှုကို တိုးစေကာ အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး အပြန်အလှန် ပိုမိုယုံကြည်မှု ရှိစေမည်ဟု ဝူကပြောကြားသည်။

**ကြည့်ရှုမည်**

ဝန်ကြီးချုပ်ဝမ်သည် အဆိုပါ နိုင်ငံများ၏ခေါင်းဆောင်များနှင့် နှစ်နိုင်ငံဆက်ဆံရေးအပြင် အပြန်အလှန်သက်ဆိုင်သည့် အကြောင်းကိစ္စများကို ဆွေးနွေးမည့်အပြင် သီရိလင်္ကာနိုင်ငံ၏ ဆူနာမီဒဏ်ခံရသော ဒေသအချို့သို့ သွားရောက်ကြည့်ရှုမည်ဟု ဝူကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နီအက်စ်ကျွန်းပေါ်မှ အခြေခံအဆောက်အအုံများ မူလအတိုင်းပြန်ဖြစ်ရန် တစ်လခန့်ကြာမည်ဟုဆို

ဂူနန်စီတိုလီ(အင်ဒိုနီးရှား) ဧပြီ ၄

**တနင်္လာနေ့ကလှုပ်သွားခဲ့သော ငလျင်ကြီးကြောင့် အကြီးအကျယ် ပျက်စီးခဲ့ရသည့် နီအက်စ်ကျွန်းပေါ်ရှိ အခြေခံအဆောက်အအုံများ မူလအတိုင်း ပြန်ဖြစ်လာရန် အချိန်တစ်လကြာမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက စနေနေ့၌ ပြောကြားသည်။**

ငလျင်ကြောင့် လုပ်ငန်းအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများစွာ ပျက်စီးခဲ့ရကြောင်း၊ ပုံမှန်အခြေအနေအတိုင်း ပြန်ဖြစ်ရန် တစ်လကြာမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဂျူဆပ်ဖ်ကာလာက စစ်ဆေးကြည့်ရှုအပြီး ပြုလုပ်သည့် သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

ငလျင်ဒဏ်ခံရသော ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများနှင့် ရေသန့်များပေးရန် ကာလာက ကတိပြုထားပြီး လာမည့်တစ်ရက်နှစ်ရက် အတွင်းပြည်သူများ ရေသန့်လုံလောက်စွာ ရရှိမည်ဟု ပြောကြားသည်။

**ညွှန်ကြားထား**

အသက်ရှင် ကျန်ရစ်သူများသို့ ဆန်များမြန်မြန်ထက်ထက် ဖြန့်ဖြူးဝေငှပေးရန် ဒေသအာဏာပိုင်များကို ဒုတိယသမ္မတက ညွှန်ကြားထားပြီး မည်မျှလိုအပ်သည်ဖြစ်စေ ကိစ္စမရှိကြောင်း၊ ဆန်များကို မိမိတို့ပေးမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို ရဟတ်ယာဉ်နှစ်စင်းဖြင့် မိမိတို့ သယ်ပို့ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ခန့်မှန်း**

နီအက်စ်ကျွန်းတွင် တနင်္လာနေ့က လှုပ်ခဲ့သည့်ငလျင်ကြောင့် လူ ၅၁၄ ဦး သေဆုံးကြောင်းနှင့် ၆၇၀ အကြီးအကျယ်ဒဏ်ရာရကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။ ကုလသမဂ္ဂက လူ၁၀၀၀ကျော် သေဆုံးမည်ဟု ခန့်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**နီပေါအနောက်ပိုင်းရှိ သဘာဝရေပူစမ်းသို့ ရောဂါလာကုသူ တဖြည်းဖြည်း ပို၍များပြားလာ**

ခတ္တမန္ဒူ ဧပြီ ၄

**ရောဂါပျောက်ကင်းမည်ဆိုသော မျှော်လင့်ချက်ဖြင့် နီပေါနိုင်ငံအနောက်ပိုင်းရှိ သဘာဝရေပူစမ်းအတွင်း၌ ရေငုပ်ခြင်းဖြင့် ရောဂါအမျိုးမျိုးကို လာရောက်ကုသသူ ဝေဒနာရှင်များသည် ပို၍ပို၍ များပြားလာကြောင်း သိရသည်။**

တာတိုပါနီသို့ လာရောက်သူအရေအတွက်သည် ယခုနှစ်ယခုအချိန်အထိ ၁၀၀၀၀ကျော် ရှိကြောင်း ရေပူစမ်းစီမံအုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဒဲဗ်ဗဟာဒူးက သတင်းထောက်များအား ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ရေပူစမ်းသို့ လာရောက်သူ ၈၀၀၀ခန့် ရှိခဲ့သည်ဟု ဆိုသည်။ အဆိုပါ ရေပူစမ်းသည် ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၂၅၀ခန့်ရှိ မိအက်ဒီခရိုင်၏ မြို့တော်ဘီနီဘာဇာအနီး၌ ရှိသည်။ အဆိုပါ ရေပူစမ်းရှိ ရေပူ၏ အပူချိန်မှာ ၅၂မှ၅၈ဒီဂရီဆဲလ်စီယာစ် ဖြစ်ပြီး အရေပြားရောဂါ၊ ပန်းနာရောဂါနှင့် အစာအိမ်အူရောင်ရမ်းနာတို့ ပျောက်ကင်းသည်ဟု ယူဆကြသည်။

ယင်းရေပူစမ်းသည် တစ်ကြိမ်လျှင် လူ၁၅၀ခန့်ဆံ့ပြီး၊ အမျိုးသမီး အုပ်စုသုံးစုနှင့် အမျိုးသား အုပ်စုနှစ်စုတို့ နေ့စဉ်ကန်ထဲ၌ နှစ်နာရီကြာ ရေငုပ်နိုင်သည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တပ်မတော်အစိုးရအနေဖြင့် ပြည်သူများအပေါ် သစ္စာရှိရှိ သမာဓိရှိရှိဖြင့် အမြဲရပ်တည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ပြည်သူများကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ဆက်လက်လက်တွဲကြိုးပမ်း

ရန်ကုန် ဧပြီ ၅

ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ ၂ရက် ညနေ ၄နာရီခွဲတွင် ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

တွေ့ဆုံပွဲသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကရင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် နှင့် ဘားအံမြို့ပေါ် ရပ်ကွက်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၏ အခြေခံအချက် လက်များ၊ မြေယာအသုံးချမှု၊ အဓိက သီးနှံ ၁၀မျိုး စိုက်ပျိုးမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုး ထွက်ရှိမှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဦးသန်းအောင်က နိုင်ငံတော်အစိုးရ၏ အမျိုးသားပညာ ရည်မြင့်မားရေး လုပ်ငန်းစဉ်များနှင့် ကရင်ပြည်နယ်၏ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ပေးမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကားပြောကြား ရာတွင် ပထမဦးစွာ ကရင်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ တစ်မျိုးသားလုံး၏ ကုန်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ကရင် ပြည်နယ်၏ ပါဝင်မှုသည် ဝဒသမ၅ ရာခိုင်နှုန်းဖြစ်သော်လည်း ပြည်နယ် နှင့် တိုင်းများအားလုံး၏ ကြိုးစား အားထုတ်မှုတွင် အဆင့်ငါးတွင် ရရှိထားကြောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ် တွင် ကရင်ပြည်နယ်၏ ကြိုးစား အားထုတ်မှု ရှေ့တန်းသို့ ရောက်ရှိ လာခြင်းမှာ ဦးဆောင်ဦးရွက်ပြုနေ ကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်း များ၊ ဝန်ထမ်းများအားလုံး တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ ခြင်းကြောင့်ဖြစ်ကြောင်း။

## အားပေးလုပ်ဆောင်

စပါးစိုက်ပျိုးထုတ်လုပ်မှု အနေ ဖြင့် ကရင်ပြည်နယ်သည် ဒေသ ဝမ်းစာဖူလုံသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သော်လည်း သိသိ သာသာ ပိုလျှံလာအောင် ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားကြရန်လို ကြောင်း၊ ဒေသဝမ်းစာ ဖူလုံပိုလျှံလာ သည်နှင့်အမျှ အဓိကသီးနှံဆယ်မျိုး အထွက်တိုးအောင်၊ ကုန်သွယ်မှု တိုးတက်လာအောင် အားပေးလုပ် ဆောင်သွားကြရန် လိုကြောင်း။

ထို့ပြင် အခြားဝင်ငွေရ အမယ် သစ် (အမည်သစ်) သီးနှံများအနက် မိမိတို့ဒေသနှင့် ကိုက်ညီဖြစ်ထွန်း သည့် ရော်ဘာနှင့် ငရုတ်ကောင်း တို့ကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ် ပြီး ပြည်သူများ ဝင်ငွေတိုးတက် လာစေရန်၊ လူမှုစီးပွားရေးဘဝ တိုးတက်လာစေရန် ဆက်လက် အားပေးသွားကြရန် မှာကြားလို ကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ကြရာတွင် စိုက်ပျိုးရေးအပြင် မွေးမြူရေးကို လည်း တိုးချဲ့ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အထူးသဖြင့် ငါး၊ ပုစွန် တိုးချဲ့မွေးမြူရေး ဆောင်ရွက်သွား နိုင်သည်ကို တွေ့ရကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ကရင်ပြည်နယ်အနေဖြင့် ငါး၊ ပုစွန် တိုးချဲ့မွေးမြူထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး ဒေသဆိုင်ရာ တာဝန်ရှိ သူများက ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်ကို သိရှိရကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်တွင် ငါး၊ ပုစွန် တိုးချဲ့ ထုတ်လုပ်ရေးအပြင် ကြက်၊ ဘဲ၊ ဝက်၊ သိုး၊ ဆိတ်၊ နွား စသည့်တို့ကို လည်း ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်နှင့်အညီ တစ်ဦးချင်းဝင်ငွေများ တိုးတက် လာရေး ကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုကြောင်း။

ထို့ပြင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရန် စီမံကိန်းများ ချမှတ် ဆောင်ရွက်ရာတွင် စာရင်းဇယားများ ပြုစုပြီး လုပ်ကိုင်ကြရာ၌ ကိန်းဂဏန်း၊ စာရင်းဇယားများ မှန်ကန်ရေးကို သတိပြုဆောင်ရွက်သွားကြရန်ဌာန ဆိုင်ရာများကို မှာကြားလိုကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေး ယန္တရားတွင် ရပ်ကွက်နှင့် ကျေးရွာ အုပ်စုသည် အခြေခံအကျဆုံး အဆင့် ဖြစ်ပြီး ပြည်သူများနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံနေကြရသူများ ဖြစ် ကြောင်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်မှ အောက်ခြေရပ်ကွက်နှင့် ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အဆင့်ဆင့်တို့သည်

စာမျက်နှာ ၄ ကော်လံ ၁

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ပိုမိုရှင်သန်တိုးပွားလာအောင် ဖော်ဆောင်နိုင်ခဲ့

❑ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ရေး၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီမံကိန်းများချမှတ်ပြီး တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားကို ရယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍမျိုးစုံတွင် တစ်နေ့ တခြား တိုးပွားဖြစ်ထွန်းလာလျက်ရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပဓာနကျသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် ပိုမိုရှင်သန်တိုးပွားလာအောင် ဖော်ဆောင်နိုင်ခဲ့။

***စာမျက်နှာ ၃ မှ***

သက်ဆိုင်ရာဒေသနေ ပြည်သူများ၏ လုံခြုံအေးချမ်းမှုရရှိအောင် ပြည်သူတို့အား ဥပဒေဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ အပြည့်အဝရရှိရေး ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ရပ်ကွက်နှင့်ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တို့သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နေသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်၍ ဆက်ဆံလုပ်ကိုင်မှုများသည် နိုင်ငံတော်အစိုးရအပေါ် သက်ရောက်မှု ရှိနိုင်သည်ကို အထူးသတိပြုကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအဆင့်သည် ပြည်သူများနှင့် အနီးကပ်ဆုံး

ယခုအချိန်တွင် နိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းကို သွားနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အုပ်ချုပ်ပုံစနစ်သစ်တစ်ရပ်ကို ညင်သာစွာ အသွင်ကူးပြောင်းပေးနေသည့် အချိန်အခါလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ပထမဦးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပနေသည့် အချိန်အခါလည်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် **"တည်ငြိမ် အေးချမ်းခြင်းမှသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသို့"** ဆိုသည့် စကားရပ်ကို ရင်ဝယ်ပိုက်ပြီး

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးမျှမျှတတဖွံ့ဖြိုးတိုးတက်စေရေး တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့

ဆက်ဆံနေကြရရာ ပြည်သူများအပေါ် ဖိစီးမှု မပြုမိစေရန် သတိရှိစွာ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

### အထူးအရေးကြီး

နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသည့် စေတနာ၊ သဘောထားများနှင့် လိုက်ဖက်ညီသည့် အထောက်အကူပြု အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ရန် အထူးအရေးကြီးကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ မိမိတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြင့်မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၃ရက် နံနက်ပိုင်းတွင် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်ကြသည့် သက်တော်ရှည် မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလိယနှင့် ဘားအံမြို့ အရိယာဝံသကျောင်းတိုက် ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိတို့ အမှူးပြုသော ဆရာတော် သံဃာတော် တို့အား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘားအံမြို့ သေဋ္ဌမာန်အောင်ဘုရား အာရုံခံတန်ဆောင်း၌ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ဘားအံ) ပင်မသုံးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပိုင်ကျုံမြို့ခန်းမ၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ပိုင်ကျုံမြို့ တည်ဆောက်ရေးလုပ်ငန်း တိုးတက်မှုအခြေအနေများ၊ မိုးစပါး၊ နွေစပါး၊ ရော်ဘာနှင့် ငရုတ်ကောင်း စိုက်ပျိုးမှု၊ ပညာရေး၊ ကျန်းမာရေး လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်အတွင်း လမ်း၊ တံတား တည်ဆောက်မှု၊ ပိုင်ကျုံမြို့နှင့်ဆက်သွယ်သည့် ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲလမ်း၊ တံတားများ အခြေအနေ၊ တိုးချဲ့ဖွင့်လှစ်ပေးသော ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ရှင်းလင်းတင်ပြ

ထို့နောက် သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကလည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်တို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပိုင်ကျုံမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းစီစဉ် ဖြည့်ဆည်းပေးသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ထမ်းများ မိမိတို့တာဝန်ကျရာဒေသနှင့် ဒေသနေတိုင်းရင်းသားပြည်သူများ၏ အခြေအနေနှင့် လိုအပ်ချက်များ မြန်မြန်ဆန်ဆန် ကျွမ်းဝင်ရင်းနှီးသိရှိမှုရရှိအောင် ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်

***စာမျက်နှာ ၅ ကော်လံ ၁ သို့***

## ပြည်သူ့အကျိုးပြုလုပ်ငန်းများဆက်လက်မြှင့်တင်ဆောင်ရွက်ပေး

- တပ်မတော်အစိုးရအနေဖြင့် ပြည်သူများအပေါ် သစ္စာရှိရှိ သမာဓိရှိရှိဖြင့် အမြဲရပ်တည်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တစ်ခုပြီးတစ်ခု လက်တွေ့စွမ်းဆောင်ပြသရင်း ပြည်သူ့အကျိုးကို ဆက်လက်မြှင့်တင် ဆောင်ရွက်ပေး။
- ပြည်သူများအပိုင်းကလည်း မိမိတို့လိုလားတောင့်တသည့် အေးချမ်းသာယာရေးနှင့် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တပ်မတော်နှင့်အတူ လက်တွဲကြိုးပမ်း။

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကရင်ပြည်နယ် ဘားအံမြို့ သေဠမာန်အောင်ဘုရား အာရုံခံတန်ဆောင်း၌ မြိုင်ကြီးငူ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

***စာမျက်နှာ ၄ မှ***

အတန်း တိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဖြင့် ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရေး၊ ဥပဒေဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများဖြင့် ပြည်သူများ၏ဘဝလုံခြုံအေးချမ်းမှုများရရှိအောင် ဆောင်ရွက်ပေးရေး၊ နယ်မြေဒေသအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပြီး ဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ ကူးသန်းသွားလာနိုင်မှုများမှတစ်ဆင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ တိုးပွားလာအောင် ဆောင်ရွက်ကြရေး မှာကြားပြီး ဒေသခံတိုင်းရင်းသားများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုင်ကျုံမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွင်း ထပ်မံတိုးချဲ့ဆောက်လုပ်နေသည့် လေးခန်းတွဲ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် နှစ်ထပ်ဘုန်းတော်ကြီးကျောင်း၊ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ကိုလည်းကောင်း၊ ကရင်ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ခွင့်ပြုတန်ချိန် ၁၃ တန် ခံနိုင်ဝန်ရှိမည့် ပိုင်ကျုံချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မွန်းလွဲပိုင်းတွင် လှိုင်းဘွဲမြို့သို့ ရောက်ရှိကြပြီး လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

### လိုအပ်ချက်တင်ပြ

ရှေးဦးစွာ လှိုင်းဘွဲမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်စံသာက လှိုင်းဘွဲမြို့နယ်၏ အခြေခံ အချက်အလက်များ၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ မြေပဲ၊ နှမ်း၊ ငရုတ်ကောင်း၊ ရော်ဘာစိုက်ပျိုးမှု၊ ဒေသဝမ်းစာ ၁၄၁ ဒသမ ၃ ရာခိုင်နှုန်းရှိမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးမှုဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်ပေးရန် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးရန်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ဧပြီ ၁ ရက်နေ့မှ စတင်၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပံ့ပိုး ဖြည့်ဆည်းပေးသင့်သည်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်ကြောင်း။

### တိုးပွားဖြစ်ထွန်းလာ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများချမှတ်ပြီး တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ရယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍမျိုးစုံတွင် တစ်နေ့တခြား တိုးပွားဖြစ်ထွန်းလာလျက်ရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ပဓာနကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ပိုမိုရှင်သန်တိုးပွားလာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာမှာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ အောင်မြင်မှုများ၏အကျိုးကို ပြည်သူများ လျှင်လျှင်မြန်မြန် ရရှိခံစားနေရခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်ကိုယ်စား အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍများတွင် တာဝန်ယူနေကြရသည့် ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ အေးချမ်းလုံခြုံမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို ဖော်ဆောင်ပေးသွားကြရမှာ ဖြစ်ကြောင်း။

### စေတနာထားဆောင်ရွက်

မိမိတို့ ရောက်ရာ အရပ်ဒေသတွေမှာ ဒေသကောင်းကျိုးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို မည်ရွေ့မည်မျှ ဖော်ဆောင်ပေးနိုင်ခဲ့သည်ဆိုတဲ့ အောင်မြင်မှုများဖြင့် မှတ်ကျောက်အတင်ခံနိုင်အောင် စေတနာထားကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

ပြည်သူများအပိုင်းကလည်း မိမိတို့ လိုလားတောင့်တသည့် အေးချမ်းသာယာရေးနှင့် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ၊ တပ်မတော်နှင့်အတူ လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

တပ်မတော်အစိုးရ အနေဖြင့် ပြည်သူများအပေါ် သစ္စာရှိရှိ၊ သမာဓိရှိရှိဖြင့် အမြဲရပ်တည်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တစ်ခုပြီးတစ်ခု လက်တွေ့ စွမ်းဆောင်ပြသရင်း ပြည်သူ့အကျိုးကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမှာပင်ဖြစ်ကြောင်း။

### တက်ညီလက်ညီပူးပေါင်းပါဝင်

ယနေ့ နိုင်ငံတော်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရရှိနေပြီး တစ်ဆက်တည်းမှာပင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်လျက်ရှိရာ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ပြီးမြောက်သည်အထိ တိုင်းရင်းသားပြည်သူအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### တာဝန်ရှိသူများကြိုဆို

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ပြည်နယ်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက လှိုင်းဘွဲမြို့နယ်၏ ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်များ၊ ခုတင်(၅၀)ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်း ဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ ဟုမ်းတောက် ဆောက်လုပ်ရေးအဖွဲ့ တာဝန်ခံ ဦးအောင်စိုးကျော်က တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### လှည့်လည်ကြည့်ရှု

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ဆေးရုံတည်ဆောက်မှုလုပ်ငန်း ပြီးစီးမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဘားအံမြို့သို့ ရောက်ရှိကြပြီး ဆက်လက် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဧပြီ ၁ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ဧပြီ ၂ ရက် ညပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း သွားရောက်၍ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကူးစက်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရေး မှာကြားပြီး ပြည်သူ့ဆေးရုံကြီးများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ရောင်းချ ကျောက်စိမ်းအတွဲ ၁၀၃၄ တွဲ အပြိုင်အဆိုင် ဝယ်ယူ

ရန်ကုန် ဧပြီ ၅

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ ပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။**

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ **(ဝဲပုံ)** မွန်းလွဲပိုင်းတွင် ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၅ နာရီမှ ယနေ့နံနက် ၁ နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၆၅ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၁၀၆ တွဲ ရောင်းချရသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ စတင်ရောင်းချသည့် ဧပြီ ၂ ရက်မှ ဧပြီ ၄ ရက် ညပိုင်းအထိ သုံးရက်အတွင်း ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၀၃၄ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ညနေ ၅ နာရီ မိနစ်၂၀ တွင် ကျောက်မျက်အတွဲပေါင်း ၂၉ တွဲကို ရောင်းချခဲ့ရသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်စက်မှုဇုန်ရှိ အေအက်စ်ကေအန်ဒမန် လီမိတက်၏ ငါးအသားကြိတ်စက်ရုံနှင့် ငါးအမှုန့်ကြိတ် စက်ရုံဖွင့်ပွဲတွင် စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ငါးအသားကြိတ်စက်ရုံနှင့် ငါးအမှုန့်ကြိတ်စက်ရုံဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၅

**တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်စက်မှုဇုန်ရှိ အေအက်စ်ကေအန်ဒမန် လီမိတက်၏ ငါးအသားကြိတ်စက်ရုံနှင့် ငါးအမှုန့်ကြိတ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၆ နာရီတွင် အဆိုပါ စက်ရုံများဝင်းအတွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်အားပေး ချီးမြှင့်သည်။**

### တက်ရောက်

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်း ဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်၊ အမှတ်(၁) စက်မှု ဝန်ကြီး ဌာနဝန်ကြီး ဦးအောင်သောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အေအက်စ်ကေအန်ဒမန်လီမိတက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### နှုတ်ခွန်းဆက်

ရှေးဦးစွာ မလေးရှားနိုင်ငံ Texchem Resources Berhad, Texchem Food Division ဥက္ကဋ္ဌ Mr. Y. Nishida ကကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အေအက်စ်ကေအန်ဒမန်လီမိတက်မှ ဒါရိုက်တာ ဦးမောင်စစ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

### ကမ္ပည်းမော်ကွန်းဖွင့်လှစ်ပေး

ယင်းနောက် ကမ္ပည်းမော်ကွန်းဖွင့်ပွဲ အစီအစဉ်ကို စက်ရုံရှေ့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

### နံ့သာရည်ပက်ဖျန်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ပည်းမော်ကွန်းကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ငါးအသားကြိတ်စက်ရုံ လုပ်ငန်းများနှင့် အရည်အသွေး စမ်းသပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

### ထုတ်လုပ်ပေးမည်

ယခုဖွင့်လှစ်လိုက်သည့် စက်ရုံနှစ်ရုံမှ တစ်နေ့ပျမ်းမျှ ငါးမှုန့်တန်ချိန် ၃၀နှင့် ငါးအသားကြိတ် ခုနစ်တန်နှုန်း ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

### လှည့်လည်ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်စက်မှုဇုန်ရှိ အေအက်စ်ကေအန်ဒမန်လီမိတက်၏ ငါးအသားကြိတ် စက်ရုံနှင့် ငါးအမှုန့်ကြိတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

**၆-၄-၂၀၀၅(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာသကြ်န်
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု Transformation of Variables (ဒုတိယနှစ်-စီးပွားရေးအထူးပြု)
၅း၃၅ ၁၀။ မြန်မာသကြ်န်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၁၆)

# ဆရာတော်ကြီးများအား ပုသိမ်အသင်း(ရန်ကုန်) ချီးကျူးပူဇော်မည်

ရန်ကုန် ဧပြီ ၅

နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးကိုးပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား ပုသိမ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် ၂၁/၄၃ စီ ကြားတောရလမ်း ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်းဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းဝင် မိသားစုများနှင့် ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညိုပူဇော်နိုင်ရန် ဖိတ်ကြားထားသည်။

ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုပါက ဦးသန်းထွန်း ဥက္ကဋ္ဌ ဖုန်း-၆၆၃၂၄၂၊ ဦးမြင့်ဦး ဒုတိယဥက္ကဋ္ဌ ဖုန်း-၃၈၁၃၆၁၊ ဦးစိုးဟန်လင်း အထွေထွေအတွင်းရေးမှူး ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄၊ ဦးလေးတင့် ဘဏ္ဍာရေးမှူး ဖုန်း-၂၂၁၉၇၈နှင့် ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်အပြည်ပြည်ဆိုင်ရာ နားလည်မှုအသင်း အကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဧပြီ ၅**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း(CAFIU)မှ အကြံပေးပုဂ္ဂိုလ် Mr. °Cai Wu ခေါင်းဆောင်သည့် အဖွဲ့ဝင်ခြောက်ဦး ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# နွေရာသီအခြေခံအားကစားနည်းများ သတ်မှတ်နေရာများ၌လေ့ကျင့်လျက်ရှိ

**ရန်ကုန် ဧပြီ ၅**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ဦးဆောင်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်ခဲ့သော ၂၀၀၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများကို လေ့ကျင့် သင်ကြားပေးလျက်ရှိရာ လေ့လှော်အားကစားနည်းသင်တန်းကို အင်းလျားကန်ရှိ လေ့လှော်အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌လည်းကောင်း၊ အခြေခံဘတ်စကက်ဘောအားကစားနည်းသင်တန်းကို ကျိုက္ကဆံကွင်း ဘတ်စကက်ဘောလေ့ကျင့်ရေးစခန်း၌လည်းကောင်း၊ သေနတ်ပစ်သင်တန်းကို တောင်ဥက္ကလာပ သေနတ်ပစ်လေ့ကျင့်ရေးစခန်း၌ လည်းကောင်း၊ ခြင်းလုံးအားကစားနည်းသင်တန်းကို အင်းစိန်မြို့နယ် ခြင်းလုံးအားကစားရုံ၌လည်းကောင်း၊ ရွက်လှေအားကစားနည်းသင်တန်းကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် အင်းလျားကန်၌ လည်းကောင်း နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှုဖြင့် ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်လာ သန့်ရှင်းသော သောက်သုံးရေရရှိ၊ အော်တိုတယ်လီဖုန်းတပ်ဆင်ပေး

## နေ့စဉ်ထုတ်သတင်းစာ မြို့ပြနှင့်အချိန်မခြား တစ်ပြိုင်တည်း ဖတ်ရှုနိုင်

ရန်ကုန် ဧပြီ ၅

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

### တွေ့ဆုံ အမှာစကား ပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။**

(ရန်ကုန်တိုင်း)

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ စိုက်ပျိုးထားရှိသည့် ဧရာတ်ကောင်းပင် ၅၀၀ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကြသည်။

### ပံ့ပိုးပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဧရာတ်ကောင်းစိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများအတွက် မိသားစုဝင်ငွေတိုးစေပြီး ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

### တွေ့ဆုံမှာကြား

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှ နည်းစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ချမှတ်ကာ ကျေးလက်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့အတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအနက် ရန်ကုန်မြို့နှင့်ဝေးကွာသည့် မြို့နယ်တစ်ခုဖြစ်သော်လည်း နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ နယ်မြေခံတပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ယခုအခါ ကိုကိုးကျွန်းမြို့နယ်အတွင်း အော်တိုတယ်လီဖုန်းတပ်ဆင်ပေးထားခြင်း၊ နေ့စဉ်ထုတ်သတင်းစာများကို သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဖြင့် ကိုယ်ပွားသတင်းစာ ဖြန့်ဝေဖတ်ရှုနိုင်ခြင်း၊ ဂါလန် ၄၉သန်းဆံ့ ရေလှောင်တမံရှိ၍ ဂါလန် ၁၂၀၀၀ဆံ့ သံကူကွန်ကရစ်ရေစင် တည်ဆောက်ပြီး သန့်ရှင်းသည့် သောက်သုံးရေရရှိစေရေး ဆောင်ရွက်ပေးထားခြင်း၊ မြို့နယ်ဆေးရုံ ဆောက်လုပ်ပေးထားပြီး ဆေးရုံအုပ်ကြီးအပြင် သွားရောဂါကုဆရာဝန်ပါ ထားရှိပေးထားခြင်း၊ ယခင်သစ်သားတံတားငါးစင်းနေရာ၌ သံကူကွန်ကရစ် တံတားများဖြင့် အစားထိုးတည်ဆောက်ပေးထားခြင်း စသည်တို့ကြောင့် ဒေသခံပြည်သူတို့၏ လူနေမှုဘဝမှာလည်း မြင့်မားလာပြီ ဖြစ်ကြောင်း။

### ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်နှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများနှင့် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့က မြို့နယ်အတွင်းရှိ ဌာန ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထောက်ပံ့ကြေး တစ်စီးကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဧရာတ်ကောင်းခြံအတွင်း ဧရာတ်ကောင်းစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွင်း Learning Centre မှ သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာဖြင့် နေ့စဉ်ထုတ်သတင်းစာများ ထုတ်ဝေပြသထားရှိမှု၊ ပညာရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပညာရေးသင်ခန်းစာများ ပြသထားရှိမှုများကိုလည်းကောင်း၊ Learning Centre အတွင်း နေ့စဉ်ထုတ်သတင်းစာများအား သတင်းအချက်အလက်ဆက်သွယ်မှုနည်းပညာဖြင့် ကိုယ်ပွားသတင်းစာထုတ်လုပ်နေမှုနှင့် ဆက်စပ်ပစ္စည်းကိရိယာများကို လည်းကောင်း၊ ကျောင်းဝင်းအတွင်းရှိ ဧရာတ်ကောင်းခြံအတွင်း ဧရာတ်ကောင်းပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုအားပေးရာ ကျောင်းအုပ်ဆရာကြီးဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နေ့စဉ်ထုတ်သတင်းစာများကို မြို့ပြနှင့်အချိန်မခြား တစ်ပြိုင်တည်း ဖတ်ရှုနိုင်သဖြင့် ဒေသခံပြည်သူတို့၏ အသိပညာ၊ ဗဟုသုတ မြင့်မားလာစေပြီး မြို့နယ်၊ ဒေသဖွံ့ဖြိုး တိုးတက်စေရေးအတွက် အခြေခံကောင်းများဖြစ်သဖြင့် ပိုမိုဖြန့်ဝေ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန်မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ပေးသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိလာပြီး မြို့နယ်အတွင်းရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် မှာကြားကာ အမှတ်တရလက်ဆောင် ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်းရှိဧရာတ်ကောင်းခြံအတွင်း ဧရာတ်ကောင်းပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုကြသည်။

### ထောက်ပံ့ငွေပေး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ်ဆေးရုံသို့ ရောက်ရှိလာပြီး ဆေးရုံအတွင်း လူနာဆောင်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဂါလန် ၁၄၀၀ဆံ့ ရေစင်တည်ဆောက်နေမှု၊ ၂၄ နာရီ မပြတ် ဆေးသိုလှောင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်ထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် သွားရောဂါ ကုသမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းသို့ရောက်ရှိလာပြီး ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကြကာ စားစရာမုန့်များ ဝေငှပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့နယ် နယ်မြေခံတပ်၏ ဧရာတ်ကောင်းခြံများအတွင်း ဧရာတ်ကောင်းအပင် ၁၅၀၀ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်အခြေအနေကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

### ရေလှောင်တမံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် အလျား ၁၈ပေ၊ အနံ ၁၈ပေ၊ အမြင့် ပေ ၄၀ ရှိ ရေဂါလန် ၁၂၀၀၀ ဆံ့ သံကူကွန်ကရစ်ရေစင်နှင့်ရေဂါလန် ၄၉သန်း သိုလှောင်ထားနိုင်သည့် ကိုကိုးကျွန်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့
**ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင်**
**ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၀၀၉)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။**

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

### ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြိတ်ခရိုင်နှင့်မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးသည့် တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

### ဒေသဝမ်းစာဖူလုံရေး

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တနင်္သာရီတိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ တနင်္သာရီတိုင်း၏ စိုက်ပျိုးရေးကဏ္ဍအဓိကရည်မှန်းချက်တာဝန်မှာ ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်းဧက ငါးသိန်း၊ ရော်ဘာဧက နှစ်သိန်းနှင့် ငရုတ်ကောင်းဧက ၂၆၀၀၀ တို့ကို ပြည့်မီအောင် စိုက်ပျိုးရေးတို့ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ လမ်းညွှန်နိုင်ရန် တနင်္သာရီတိုင်းသို့ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် မိမိတို့အဖွဲ့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

### ဖွံ့ဖြိုးတိုးတက်လာ

တနင်္သာရီတိုင်း ခရီးစဉ်တွင် မြိတ်မြို့သို့ ဦးစွာရောက်ရှိခြင်းဖြစ်ပြီး မြိတ်ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုများကို ကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ ဤသည်မှာ မြိတ်ဒေသ၏ တည်ငြိမ်အေးချမ်းမှုအခြေခံကြောင့် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း။

ဒေသအသီးသီး အပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဤကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာရေးအတွက် လွယ်လွယ်ကူကူဖြင့် ဆောင်ရွက်ပြီးရရှိခဲ့ခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်၏မှန်ကန်သော ဦးစီးခေါင်းဆောင်မှုကောင်း၊ စေတနာကောင်းအောက်တွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် စည်းစည်းလုံးလုံး ပင်ပင်ပန်းပန်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဤအသီးအပွင့်များကို ရရှိခံစားရခြင်းဖြစ်ကြောင်း။

**အမှာစကားပြောကြား**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို ထူထောင်အားပေးနေခြင်းသည် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေခြင်းဖြစ်

ယခုနှစ်တွင် ဒေသဝမ်းစာဆန် ၉၉ ရာခိုင်နှုန်း ဖူလုံမှာဖြစ်ပြီး ရှေ့လာမည့်နှစ်တွင် ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆီအုန်းအနေဖြင့် ဧက ၁၃၀၀၀၀ကျော်၊ ရော်ဘာအနေဖြင့် ဧက ၁၀၈၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ငရုတ်ကောင်းဧက ၂၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ရာ လာမည့်နှစ်တွင် ရည်မှန်းချက်ဧကထက် ကျော်လွန်စိုက်ပျိုးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး သတ္တုကဏ္ဍ၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် တိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကာလတို စီးပွားရေးစီမံကိန်းများ၏ တိုးတက်အောင်မြင်မှုများ၊ တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံတော်၏စီးပွားရေးနှင့် တနင်္သာရီတိုင်း၏ စီးပွားရေးကဏ္ဍ ဆက်စပ်နေမှုများ၊ တနင်္သာရီတိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူတစ်ဦးချင်းဝင်ငွေ မြင့်မားရေးတို့အတွက် ဆောင်ရွက်သွားနိုင်သည့် လုပ်ငန်းကဏ္ဍအလိုက် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### တည်ဆောက်လျက်ရှိ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မိမိတို့အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ပြည်နယ်၊ တိုင်းအသီးသီးသည်လည်း မိမိတို့၏ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

၁၉၈၈ ခုနှစ်တွင် အနုတ်လက္ခဏာပြခဲ့သည့် နိုင်ငံတော်၏ ဆိုးဝါးသော အခြေအနေအရပ်ရပ်သည် ယခုအခါ အပေါင်းလက္ခဏာသို့ သိသာစွာပြောင်းလဲ တိုးတက်ခဲ့ပြီဖြစ်ကြောင်း။

### ထာဝစဉ်ကြိုးပမ်း

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ပြန်လည်ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရယူဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့်လည်း အလားတူ ပြန်လည်ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းမှုရအောင်ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို မျက်ခြည်ပြတ်မခံဘဲ စိတ်ကောင်းစေတနာကောင်းဖြင့် ထာဝစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤနေရာတွင် နိုင်ငံတော်ပြိုကွဲအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင် အမျိုးမျိုးဖန်တီးနေသည့် ပြည်တွင်းပြည်ပအဖျက်သမားများကိုလည်း သတိပြုကြရန်လိုကြောင်း။

## တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ပေါင်းစည်းအလုပ်လုပ်

- ❐ ရေမြေသယံဇာတ အခြေခံကောင်းများအပြင် တနင်္သာရီတိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတ၊ သတ္တုသယံဇာတများလည်း တည်ရှိနေသဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပေါင်းစည်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် အလုပ်လုပ်၊
- ❐ မိမိတို့လက်ထက်၌ တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်း အားလုံး၊ ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ မြန်မြန်ဖွံ့ဖြိုးလာအောင် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်၍ အလေးပေးဆောင်ရွက်ခဲ့။

# စီးပွားရေးလုပ်ငန်းရှင်များ မိမိတို့၏စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ အတ္တဟိတနှင့် ပရဟိတ မျှတစွာထား မိမိကြီးပွားချမ်းသာရေးလုပ်ဆောင်သကဲ့သို့ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးကိုပါသယ်ပိုး

နိုင်ငံတော်၏ အားပေးပျိုးထောင်ပေးမှုနှင့် မိမိတို့ကိုယ်တိုင်ကလည်း ဖိဖိစီးစီး ကြိုးပမ်းအားထုတ်မှုများကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် အင်အားစုတစ်ရပ်အဖြစ် ယခုအခါ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

တနင်္သာရီတိုင်း နယ်မြေအတွင်း စည်းလုံးညီညွတ်စွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်နေမှုများကို တွေ့မြင်ရသဖြင့် ဝမ်းသာပီတိဖြစ်ရကြောင်း။

လုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားပြည်သူများအနေဖြင့် အမိနိုင်ငံတော်အပေါ် သစ္စာရှိရန်လိုသကဲ့သို့ ဝန်ထမ်းများကလည်း မိမိတို့၏ဌာနလုပ်ငန်းများကို သစ္စာရှိရှိ ကျေပွန်အောင် ဆောင်ရွက်ကြရင်း ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်းဖော်ဆောင်သွားရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## အလားအလာကောင်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန် မှာကြားရာ၌ မိမိအနေဖြင့် ဤဒေသသို့ရောက်ရှိသည့်အခါတိုင်း တနင်္သာရီတိုင်းသည် နိုင်ငံတော်က အားထားရသော တိုင်းကြီးတစ်တိုင်းဖြစ်နိုင်သည့် အလားအလာကောင်းများရှိသည်ဟု အမြဲပြောခဲ့ကြောင်း။

အမှန်ပင် တနင်္သာရီတိုင်းသည် အခြားပြည်နယ်၊ တိုင်းများနှင့် နှိုင်းယှဉ်ပါက ရေ၊ မြေ၊ သစ်တော၊ သတ္တုစသည့် သယံဇာတများရှိပြီး ကြိုးစားလျှင် ကြိုးစားသလောက် တိုးတက်လာနိုင်သည့် အခြေခံကောင်းများ ပြည့်ပြည့်စုံစုံရှိကြောင်း။

## မြေလွတ်မြေရိုင်းများရှိ

စိုက်ပျိုးရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် စိုက်ပျိုးမြေ ဧရိယာဧက ခုနစ်သိန်းကျော်သာရှိသေး၍ နောက်ထပ်တိုးချဲ့ရန် မြေလွတ်မြေရိုင်းများစွာ ကျန်ရှိသေးကြောင်း၊ တိုင်းအတွင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအရ ဒေသဆန်ဖူလုံမှုမှာ ၆၉ ရာခိုင်နှုန်းကျော်ရှိနေ၍ ဒေသဆန်ဖူလုံရေးမှာ လက်လှမ်းတမီရှိနေပြီဖြစ်ကြောင်း။

စိုက်ဧကတိုးချဲ့၍ဖြစ်စေ၊ တစ်ဧကအထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ဒေသဆန်ဖူလုံရုံသာမက ပိုလျှံသည်အထိ တိုးတက်လာနိုင်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်က တနင်္သာရီတိုင်း၏ရေမြေအခြေအနေပေါ်မှီ၍ မိုးစပါးစိုက်ဧကကို လက်ရှိဧက ၃ ဒသမ ၂ သိန်းကျော်မှ ဧကငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန် တာဝန်ပေးထားခြင်းဖြစ်ကြောင်း။

## အခြေခံများရှိပြီးဖြစ်

ပြည်နယ်၊ တိုင်း၊ ဒေသတစ်ခုအတွက် စားရေးဖူလုံရန် အထူးအရေးကြီးရာ တနင်္သာရီတိုင်းသည် ဒေသတွင်းဖူလုံသည်သာမက ပိုလျှံလာအောင် တိုးချဲ့လုပ်ကိုင်နိုင်သည့်အခြေခံများရှိပြီးဖြစ်ကြောင်း။

ထို့အပြင် ရေ၊မြေ၊ရာသီဥတုအခြေအနေအရ တနင်္သာရီတိုင်းသည် ဆီအုန်းနှင့်ရော်ဘာ ဖြစ်ထွန်းအောင်မြင်နိုင်သည့်ဒေသဖြစ်ကြောင်း၊ ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် တနင်္သာရီတိုင်း၌ ဆီအုန်းဧကငါးသိန်းစိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ဆီအိုးဖြစ်လာအောင် ကြိုးစားရန် မိမိတို့တာဝန်ပေးထားကြောင်း။

## ဖိဖိစီးစီးစိုက်ပျိုး

နိုင်ငံတော်၌ စားသုံးဆီမဖူလုံသေးသဖြင့် နိုင်ငံခြားမှ စားအုန်းဆီဝယ်ယူတင်သွင်းနေရရာ ဆီအုန်းတိုးချဲ့စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူများလည်း အကျိုးရှိ၊ နိုင်ငံတော်လည်း အကျိုးပြုနိုင်ကြောင်း၊ အောင်မြင်အောင် ဖိဖိစီးစီး စိုက်ပျိုးရန်သာ အရေးကြီးကြောင်း။

ထို့ပြင် ပြည်တွင်းပြည်ပဈေးကွက်ရှိနေသော ရော်ဘာကိုလည်း လက်ရှိ ဧကတစ်သိန်းကျော်ရှိရာမှ နှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးရန် အားထုတ်ကြရန်လိုကြောင်း။

ဆီအုန်းနှင့်ရော်ဘာတို့ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက တနင်္သာရီတိုင်း၏ စီးပွားရေးအခြေအနေသည် ပိုမိုတိုးတက်ဖွံ့ဖြိုးပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားလာမှာဖြစ်ကြောင်း။

## အားထားရသောတိုင်းဖြစ်လာနိုင်

အမယ်သစ် သီးနှံများအဖြစ် ငရုတ်ကောင်းကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးနိုင်သည့် အလားအလာလည်းရှိသည့်အပြင် ရေမြေသဘာဝအခြေအနေအရ တနင်္သာရီတိုင်း၏ သားငါးကဏ္ဍမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေရာ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ အားထားရသောတိုင်းကြီးအဖြစ် အမှန်တကယ်ဖြစ်ပေါ်လာနိုင်ကြောင်း။

ထို့ကြောင့်လည်း တနင်္သာရီတိုင်းအတွက် လမ်း၊ တံတားအပါအဝင် လိုအပ်သော ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်ပြည့်စုံစုံဖြစ်အောင် နိုင်ငံတော်အပိုင်းက ထူထောင်ပေးထားမှုများနှင့်ပေါင်းစပ်၍ တနင်္သာရီတိုင်း တိုးတက်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် အားကြိုးမာန်တက် ကြိုးစားကြစေလိုကြောင်း။

ရေမြေသယံဇာတ အခြေခံကောင်းများအပြင် တနင်္သာရီတိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတ၊ သတ္တုသယံဇာတများလည်း တည်ရှိနေသဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီပေါင်းစည်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် အလုပ်လုပ်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် ယင်းခန်းမဆောင်၌ပင် ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များနှင့် ထပ်မံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားရာ၌ မိမိအနေဖြင့် တနင်္သာရီတိုင်း၏ တိုးတက်နိုင်သည့် အလားအလာကောင်း၊ အခြေခံကောင်းများကို စောစောပိုင်းက ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ယခင် ခေတ်ကာလအဆက်ဆက်၌ အမှုမဲ့၊ အမှတ်မဲ့ နေခဲ့ကြ၍ တနင်္သာရီတိုင်းမှာ ဖွံ့ဖြိုးမှုအားနည်းခဲ့ရုံသာမက ဝေးလံခေါင်သီသော ဒေသကဲ့သို့ဖြစ်ခဲ့ကြောင်း။

## အလေးပေးဆောင်ရွက်

မိမိတို့ လက်ထက်၌ တနင်္သာရီတိုင်း အပါအဝင် ပြည်နယ်၊ တိုင်းအားလုံး၊ ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ မြန်မြန်ဖွံ့ဖြိုးလာအောင် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်၍ အလေးပေးဆောင်ရွက်ခဲ့ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျနေသည့် နိုင်ငံတော်၏ အားနည်းချက်များနှင့် လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အင်အားစုသုံးရပ် ပေါင်းစည်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်မှသာ အောင်မြင်မှာဖြစ်ကြောင်း၊ ပြည်သူများဆိုရာ၌ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များလည်း အပါအဝင်ဖြစ်ကြောင်း။

## အခွင့်အလမ်းဖွင့်ပေးခဲ့

တိုင်းပြည်၌ အရင်းအနှီးနှင့် အတတ်ပညာရှိသော တိုင်းရင်းသားလုပ်ငန်းရှင် အင်အားစု တိမ်ကောပျောက်ကွယ်ခဲ့သဖြင့် မိမိတို့လက်ထက်၌ ပြန်လည်ပေါ်ထွက်လာအောင် အားပေးကူညီမှုနှင့် စောင့်ရှောက်မှုများ ပြုခဲ့ရကြောင်း၊ စီးပွားရေးကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးပါဝင်လုပ်ကိုင်လာနိုင်အောင် အခွင့်အလမ်းများ ဖွင့်ပေးခဲ့ကြောင်း။

တနင်္သာရီတိုင်း၌လည်း ဆီအုန်း လုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ငါး၊ ပုစွန်လုပ်ငန်းတို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြု၍ နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုသွားရန် တာဝန်ပေးထားကြောင်း။

## ပြည်ထောင်စုစိတ်ဓာတ်မွေး

စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ အတ္တဟိတနှင့် ပရဟိတတို့ကို မျှတစွာထား၍ မိမိကြီးပွားချမ်းသာရေးကိုလုပ်ဆောင်သကဲ့သို့ နိုင်ငံတော်၏ အကျိုး၊ တိုင်းရင်းသား ပြည်သူများ၏အကျိုးကိုပါ သယ်ပိုးရမှာဖြစ်ကြောင်း၊ တိုင်းပြည်အပေါ် စေတနာကောင်းထား၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်မွေးမြူကြရမှာဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ရာ၌ တိုင်းပြည်၏ စီးပွားရေး အင်အားတောင့်တင်းခိုင်မာလာအောင် တာဝန်သိသိဖြင့် ကြိုးစားလုပ်ကိုင်နေသော တိုင်းရင်းသားလုပ်ငန်းရှင်များကို တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသော လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအဖြစ် မိမိတို့က သဘောထားကြောင်း။

နိုင်ငံတော်က ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ထားသော စီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် လုပ်ငန်းရှင်များအပိုင်းက ဖိဖိစီးစီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း။

တနင်္သာရီတိုင်း၌ မြေလွတ်မြေရိုင်းများကို လုပ်ကိုင်ခွင့်ပြုပြီး ဆီအုန်းဧကငါးသိန်း စိုက်ပျိုးရန် ရည်မှန်းချက်ပေးထားရာ ရည်မှန်းချက်ပြည့်မီရုံသာမက ကျော်လွန်အောင် ကြိုးကြိုးစားစား စိုက်ပျိုးသွားပါက မိမိအတွက်လည်း အကျိုးရှိ၊ နိုင်ငံတော်ကိုလည်း အထောက်အကူပြုကြောင်း၊ ယင်းတာဝန်ကို ကျေပွန်အောင် ကြိုးကြိုးစားစား စိုက်ပျိုးစေလိုကြောင်း။

အလားတူပင် ရော်ဘာကိုလည်း တနင်္သာရီတိုင်းသာမက ရခိုင်ပြည်နယ် အပါအဝင်အခြားစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ဒေသများ၌ပါ နယ်ပယ် တိုးချဲ့၍ စီးပွားဖြစ် စိုက်ပျိုးသွားစေလိုကြောင်း၊ မြေပြန့်မှာသာမက တိုင်းပြည်၏ ပေါများလှသော တောင်စောင်း၊ တောင်ကုန်းများကိုပါ အသုံးချ တိုးချဲ့စိုက်နိုင်ရန် လိုကြောင်း။

ထို့အတူ ငါး၊ပုစွန်လုပ်ငန်း၌လည်း တန်ဖိုးမြှင့်တင်ခြင်း၊ စွန့်ပစ်ပစ္စည်း မရှိဘဲ အပြည့်အဝတန်ဖိုးရှိရှိ အသုံးချခြင်းတို့ဖြင့် တိုင်းပြည်၏ ငါး၊ ပုစွန် လုပ်ငန်းကို ပိုမိုတန်ဖိုးမြင့်မားအောင် ကြိုးစားလုပ်ကိုင်ရန်လိုကြောင်း။

ဆီအုန်းလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ငါး၊ ပုစွန်လုပ်ငန်းတို့နှင့် ဆက်နွှယ် ၍ စက်မှုလုပ်ငန်းများသည်လည်း ဖွံ့ဖြိုးပေါ်ထွက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များသည် တိုင်းပြည်၏ စီးပွားရေးတောင့်တင်းအောင် ရေရှည်မျှော်မှန်းချက်များဖြင့် အမြင်ကျယ်ကျယ် ကြိုးစားလုပ်ကိုင်ကြရန် တာဝန်ရှိကြောင်း။

## တိုင်းရင်းသားလုပ်ငန်းရှင်လိုအပ်

ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာ၌ တိုင်းပြည်၏စီးပွားရေးတောင့်တင်းရန် လိုအပ်သကဲ့သို့ ယင်းစီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နိုင်သည့်၊ လုပ်ရည် ကိုင်ရည်နှင့် အရင်းအနှီးရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များရှိနေရန်လိုအပ်ကြောင်း။

**ရှင်းလင်းတင်ပြ**

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

တစ်နည်းအားဖြင့် နိုင်ငံတော်အပိုင်းနှင့် အလုပ်သမားအင်အားစုအပါအဝင် ပြည်သူအပိုင်းတို့အကြား ဆက်သွယ်ဆက်ဆံရာ၌ လုပ်ငန်းများချောမောပြေပြစ်အောင် ဆက်စပ်ဆောင်ရွက်ပေးမည့် စီးပွားရေးလုပ်ငန်းရှင် အင်အားစုရှိနေရန် အမှန်ပင်လိုအပ်ကြောင်း။

ထို့ကြောင့် မိမိတို့က တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို ထူထောင်အားပေးနေခြင်းသည် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး ဧပြီ ၃ ရက်တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။**

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ထို့ကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရာ၌ မိမိတို့ထမ်းဆောင်ရမည့် အခန်းကဏ္ဍကို နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ မှန်မှန်ကန်ကန် ထိုက်ထိုက်တန်တန် နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအပေါ် စေတနာထားကြရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ ဆီအုန်းနှင့်ရော်ဘာ စိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် မိမိတို့အလျဉ်းသင့်သလို အကြိမ်ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် မြိတ်ဒေသမှ ရေလုပ်ငန်းရှင်များပါ တစ်ပါတည်းပါဝင်လာကြောင်း၊ မိမိအနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ပိုင်ခွင့်ပြု၍ ကာကွယ်စောင့်ရှောက် အကူအညီ ပေးမည်ဟု ပြောကြားခဲ့ကြောင်း။

လုပ်ငန်းရှင်များ၏ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံးညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ရေလုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးမောင်လုက ကမ်းဝေးငါးဖမ်းရေးဆိုင်ရာကိစ္စများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်း ရေယာဉ်တိုးတက်လာသည့် အခြေအနေများ၊ ခေတ်မီငါးဖမ်းကိရိယာများ တပ်ဆင်အသုံးပြုရေးဆိုင်ရာများ၊ ပုစွန်မွေးမြူရေးလုပ်ငန်းဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုချေးငွေဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရော်ဘာလုပ်ငန်းရှင်များကိုယ်စား ရော်ဘာလုပ်ငန်းရှင်ဦးအောင်လင်းက ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်လုပ်ငန်းဆိုင်ရာ ထောက်ပံ့ကူညီမှုရရှိရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

စာမျက်နှာ ၉ မှ

ဆက်လက်၍ ဆီအုန်းလုပ်ငန်းရှင်များကိုယ်စား ဆီအုန်းလုပ်ငန်းရှင်များဖြစ်ကြသည့် ဦးငွေးမြင့်(ယုဇနကုမ္ပဏီ)နှင့် ဦးမောင်မောင်ဆွေတင်(အက်စ်အိုင်ကုမ္ပဏီ) တို့က ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်းတွင် တွေ့ကြုံရသော အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ကမ်းဝေးငါးဖမ်းရေး ကိစ္စများ၊ ငါး၊ ပုစွန်အစာရရှိရေး၊ လုပ်ငန်းသုံးပစ္စည်း သယ်ယူရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ဖြေကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဆီအုန်းနှင့်ရော်ဘာ စိုက်ပျိုးမြေလုပ်ကိုင်ခွင့်ရရှိရေးကိစ္စများ၊ ချေးငွေဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က တနင်္သာရီတိုင်းအတွင်းရှိ သစ်တောကြိုးဝိုင်းများအခြေအနေကိုလည်းကောင်း၊ သစ်တောများအတွင်း ဇီဝမျိုးစုံမျိုးကွဲများ မှီတင်းနေထိုင်မှုဆိုင်ရာများကိုလည်းကောင်း၊ ကျွန်းစိုက်ပျိုး၍ ပြည်တွင်းပြည်ပ တင်ပို့ရောင်းချခွင့်ပြုထားသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က လုပ်ငန်းရှင်များ၏ လုပ်ကွက်များအလိုက် တယ်လီဖုန်းရရှိရေး စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ တနင်္သာရီတိုင်းအတွင်းရှိ ဟိုတယ်များအခြေအနေကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဒေသအတွင်း စက်မောင်းဆီရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမြင့်နှင့် တိုင်း အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်းတို့က ဆီအုန်းနှင့်ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းများအဆင်ပြေစေရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး မှာကြားရန်ရှိသူများကို ရှင်းလင်းမှာကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ၄ရက် မွန်းလွဲပိုင်းတွင် မြိတ်စက်မှုဇုန်ရှိ မြိတ်အထပ်သားစက်ရုံသို့သွားရောက်ရာ စက်ရုံခန်းမ၌ မန်နေဂျာ ဦးမြင့်သိန်းက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဝန်ကြီးသည် သစ်တောဦးစီးဌာန တနင်္သာရီတိုင်း ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိပြီး သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ငွေကြေးများသုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်း၊စည်းကမ်းအတိုင်း လိုက်နာကျင့်သုံးရေး၊ အလေအလွင့်မရှိအောင် ဆောင်ရွက်ရေးနှင့် ခြိုးခြံချွေတာရေးတို့ကို မှာကြားသည်။

ထို့အတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ၄ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့၌ ဖွင့်လှစ်ထားသည့် တည်းခိုခန်းများ၏ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်းခိုခန်းများအား အဆင့်မြှင့်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခေတ်မီဟိုတယ်များ တည်ဆောက်နိုင်ရေးအတွက် ရွေးချယ်ထားသည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မြိတ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ အလားတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဧပြီ၄ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့၌ ငါး၊ ပုစွန် လုပ်ငန်းရှင်များအားတွေ့ဆုံပြီး အလားအလာကောင်းသော တနင်္သာရီတိုင်း၏ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဗန်းမောက်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၃ရက် နံနက် ၄နာရီခွဲတွင် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် ဟော်ယောကျေးရွာ၌ ကျင်းပသော ဇမ္ဗူအေး ရွှေတိဂုံပုံတူစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ တက်ရောက်ကြည်ညိုပူဇော်သည်။**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်ဧည့်သည်တော်များက ဆရာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ကိုးပါးသီလခံယူဆောက်တည်ကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဒေသခံတိုင်းရင်းသားများနှင့်အတူ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဗန်းမောက်မြို့နယ် ရွှေကျောင်း၊ နန်းစား၊ နန်းညှင်း၊ လိပ်စော၊ ဟဲကွီး၊ မကျီးကုန်း၊ မူးသာကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဟော်ယောကျေးရွာ ဇမ္ဗူအေးစေတီ ပြုပြင်မွမ်းမံရန် အလှူငွေကျပ်တစ်သိန်း၊ ဟဲကွီးကျေးရွာ မူလတန်းကျောင်းဆောင်သစ် အပြီးသတ် ဆောက်လုပ်ရန်အတွက် ငွေကျပ်ကိုးသိန်း တန်ဖိုးရှိ သွပ်အချပ် ၁၈၀နှင့် ဘိလပ်မြေအိတ် ၁၀၀၊ ဒေသခံတိုင်းရင်းသားများအတွက် စောင်များ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဗန်းမောက်မြို့နယ် ပေတာကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများက ငွေကျပ်သိန်း၇၀ အကုန်အကျခံ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော အလျား ပေ၁၂၀၊ အနံ ၃၀ပေရှိ သွပ်မိုး၊ အုတ်ညှပ် ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြား၍ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဗန်းမောက်မြို့နယ် နောင်ကန်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားကာ စောင်များ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဗန်းမောက်မြို့သို့ ရောက်ရှိပြီး ဗန်းမောက်မြို့နယ်မှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားကာ လိုအပ်သည်များဖြည့်ဆည်းပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဗန်းမောက်မြို့နယ် ဆင်ကန်ကျေးရွာသို့ ရောက်ရှိ၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာလူထုတို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် အသေးစား ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း၍ ရေအားလျှပ်စစ် ထုတ်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အသေးစားရေအားလျှပ်စစ်စက်ရုံမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မတည်ငွေကျပ်သုံးသိန်း၊ ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၆၇သိန်း စုစုပေါင်းငွေကျပ်သိန်း ၇၀ ကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဆင်ကန်ကျေးရွာတွင် အသေးစားရေအားလျှပ်စစ်စက်ရုံကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အား၂၆ကီလိုဝပ် ထုတ်လုပ်နိုင်ပြီး ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် အိမ်ခြေ ၈၆အိမ်ကို ရာသီမရွေး ၂၄နာရီ လျှပ်စစ်မီးပေးနိုင်ပြီဖြစ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အင်းတော်မြို့နယ် ကမ်းနီကျေးရွာသို့ ရောက်ရှိပြီး မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျောင်းအတွက် လိုအပ်နေသော သွပ်အချပ် ၁၂၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေ့ဆွမ်းဆက်ကပ်

**ဧပြီ ၅ရက်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ (၂၂)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။** (ဟိုတယ်/ခရီး)

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# လုပ်ခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု သင်တန်းတက်ရောက်ရန်သင်တန်းသားခေါ်ယူ

**ရန်ကုန် ဧပြီ ၅**

ပညာရေး ကောလိပ်များတွင် ၂၀၀၅ခုနှစ် ဩဂုတ် ၁၂ရက်မှစ၍ တစ်နှစ်ကြာ ဖွင့်လှစ်မည့် လုပ်ခွင်အကြိုဆရာအတတ်ပညာ ကျွမ်းကျင်မှုသင်တန်း (PTECT) အမှတ်စဉ် (၂/၂၀၀၅)သို့ တက်ရောက်လိုသူများသည် သတ်မှတ်ပုံစံများတွင် ဖြည့်စွက်၍ ၂၀၀၅ခုနှစ် မေ၂၀ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပညာရေးမှူးရုံးများသို့ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူသည် ဘွဲ့တစ်ခုခု ရရှိပြီး အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်ဖြစ်ကြောင်း၊ ဒေသမရွေး သွားရောက် တာဝန်ထမ်းနိုင်သူကို ဦးစားပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုသည့် အချက်များကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပညာရေးမှူးရုံးများတွင် စုံစမ်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာက ဧပြီ၁ရက်ထုတ် မြန်မာသတင်းစာများတွင် ကြေညာထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထစ်ချုန်းမိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# စီးပွား/ကူးသန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဌာနဆိုင်ရာဝန်ထမ်းများ တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၅

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၉ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့သို့ ရောက်ရှိပြီး မူဆယ်ခရိုင် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အေးရှားဝေါလ်ကုမ္ပဏီ၊ ဒေင်ဂရု(ပ်)ကုမ္ပဏီနှင့် ငွေဆင်ကုမ္ပဏီတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးသည်။**

## အမှာစကားပြောကြား

မတ် ၃၀ ရက် နံနက်ပိုင်းတွင် မူဆယ်ဧည့်ရိပ်သာ၌ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ရှေးဦးစွာ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အမှာစကား ပြောကြားသည်။

## ညှိနှိုင်းအကြံပြု

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များ ညှိနှိုင်းအကြံပြုတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကြူကုတ်(ပန်ဆိုင်း)သို့ ရောက်ရှိပြီး နယ်စပ်စစ်ဆေးရေးစခန်းကို ဝင်ရောက် ကြည့်ရှုစစ်ဆေးသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မူဆယ်ခရိုင် ၁၀၅ မိုင် ကုန်ချကွင်း သွင်းကုန်စစ်ဆေးရေးဂိတ်ရှိ ကုန်ပစ္စည်းစစ်ဆေးမှု အခြေအနေများကို ဝင်ရောက်ကြည့်ရှုပြီး ဒုတိယဝန်ကြီးက ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် လုပ်ငန်းများကြန့်ကြာမှု မရှိအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် နမ့်ခမ်းမြို့နယ်ရှိ ဟိုဆိုင်းနယ်စပ်စစ်ဆေးရေး စခန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

## ပက်ဖျန်းပေး

ဒုတိယဝန်ကြီးသည် ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး စီမံကိန်းအတွင်း မော်တော်ယာဉ် စစ်ဆေးရေးဂိတ် တည်ဆောက်မည့် မြေနေရာ၌ ကျင်းပသည့် ပန္နက်ရိုက် မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ မင်္ဂလာပန္နက်တော်ကို ရိုက်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ဇုန်တည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည့် အေးရှားဝေါလ်ကုမ္ပဏီ၊ ဒေင်ဂရု(ပ်)ကုမ္ပဏီနှင့် ငွေဆင်ကုမ္ပဏီတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၁၀၅ မိုင်တွင် ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးညှိနှိုင်းသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ၁၀၅မိုင် ကုန်ချကွင်းပို့ကုန်စစ်ဆေးရေးဂိတ်ရှိ ကုန်ပစ္စည်းစစ်ဆေးမှုအခြေအနေများကို ဝင်ရောက် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် ဒေင်ဂရု(ပ်)ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး စီမံကိန်းအတွင်း (သွင်းကုန်) ယာဉ်ရပ်နားကွင်း တည်ဆောက်မည့်မြေနေရာ၌ လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ဇုန်တည်ဆောက်ရေးစီမံကိန်းအတွင်း (ပို့ကုန်) ယာဉ်ရပ်နားကွင်း တည်ဆောက်မည့် မြေနေရာ၌လည်းကောင်း ကျင်းပကြသည့် ပန္နက်ရိုက်မင်္ဂလာအခမ်းအနားများသို့ တက်ရောက်ပြီး မင်္ဂလာပန္နက်တော်များ ရိုက်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

## ညှိနှိုင်းဆွေးနွေး

ဒုတိယဝန်ကြီးသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်သို့ ရောက်ရှိပြီး မဘိမ်းမြို့နယ် ရွှေလီရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဘိမ်းမြို့နယ်အတွင်း မြေလွတ်မြေလပ်များဖော်ထုတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မဘိမ်းမြို့နယ်အတွင်း မြေရိုင်းဖော်ထုတ်နိုင်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အလှူငွေများလှူဒါန်း

**ရန်ကုန် ဧပြီ ၅**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၅၁)ကြိမ်မြောက် ရွှေပြား၊ရွှေသင်္ကန်းနှင့်အထွေထွေ ဝေယျာဝစ္စအလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အလှူရှင်၁၅၅၉ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၁၆၀၃၀၂၉၁၁၀ကို ပေးအပ်လှူဒါန်းကြရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလုပ်အမှုဆောင်သဘာပတိ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

# တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) **ရောဂါဖြစ်ပွားကူးစက်ပုံ**
- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါ ဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်းသလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေးလူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) **ရောဂါလက္ခဏာများ**
- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ်(၃)ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင်သွေးပါခြင်း၊
- အဖျားတာရှည်ခြင်း၊
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း၊
- ကျောရင်အောင့်ခြင်း။

(ဂ) **ကြိုတင်ကာကွယ်ခြင်း**
- ရင်သွေးငယ်များအား ကာကွယ်ဆေး(ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပုဝါကို အသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။

(ဃ) **ကုသမှုခံယူခြင်း**
- "တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၅

**ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် စေတနာ့ဝန်ထမ်း၊ လူမှုအဖွဲ့အစည်း၊ ပြည်သူလူထုတို့နှင့် တိုးချဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဒဂုံမြို့နယ် အရှေ့ဈေးလမ်းရှိ ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

## တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ စီမံချက်မန်နေဂျာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်နယ်၊တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

## အမှာစကားပြောကြား

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေး လုပ်ငန်းအခန်းကဏ္ဍကို ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) ဒေါက်တာစံရွှေဝင်းကလည်းကောင်း၊ ရောဂါနှိမ်နင်းရေးလုပ်ငန်း အခန်းကဏ္ဍကို ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွန့်စိန်က လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တားမြစ်

အရက်၊ ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

**မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။**

# ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။**

## မဟာဝိဇယစေတီတော်ရှိ မြတ်စွာဘုရားအား ဘာနုရာဇာနေမင်းကြီး ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိတော်မူသော နာဂစိဝရာပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၉ ရက် မြန်မာနှစ်ဆန်း ၁ရက်နေ့၊ ၂၀၀၅ ခုနှစ် ဧပြီလ ၁၇ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည် ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် မဖူးလိုက်ရမရှိရလေအောင် သွားရောက်ဖူးမြော်ကြည်ညိုနိုင်ကြသည်။

ဘုရားဖူးပြည်သူများသည် ဂန္ဓကုဋိတိုက်အတွင်း၌ ပူဇော်ခြင်းအပြင် စေတီတော်ကြီးအတွင်းသို့ အဝင်မုခ်ဦးလေးပေါက်၌ မုခ်ဦးပေါက် တစ်ပေါက်လျှင် ရုပ်မြင်သံကြားစက်တစ်လုံးစီထားရှိပြီး ယမန်နှစ်ကကဲ့သို့ တိုက်ရိုက်လွှင့်ထုတ်၍ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝနာဘိဝံသ မဟာထေရ်ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဧပြီ ၅

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဇဝနာဘိဝံသာရုံကျောင်းတိုက် ပဓာနနာယက သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝနာဘိဝံသ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (ဧပြီ ၂ ရက်) စနေနေ့ ညနေ ၅ နာရီခွဲအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တေရသမအကြိမ် (၁၃ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဇာတ်တော်ကြီးနှင့် ပညာရှင်အဆင့်ရုပ်သေးပြိုင်ပွဲအတွက် ဇာတ်တော်အမည်များသတ်မှတ်ပြဋ္ဌာန်း

ရန်ကုန် ဧပြီ ၅

၂၀၀၅ခုနှစ်တွင်ကျင်းပမည့် တေရသမအကြိမ်(၁၃ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများ ကြိုတင်သိရှိလေ့ကျင့်နိုင်ကြရန်အတွက် ၂၀၀၅ခုနှစ်တွင် ကျင်းပပြုလုပ်မည့် တေရသမအကြိမ် (၁၃ ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၌ တင်ဆက်ကပြယှဉ်ပြိုင်ရမည့် ဇာတ်တော်ကြီးအဖြစ် ဇာတ်ကြီးဆယ်ဘွဲ့မှ **“ဝိဓူရဇာတ်တော်”** ကိုလည်းကောင်း၊ ပညာရှင်အဆင့်ရုပ်သေးပြိုင်ပွဲအတွက် **“မင်းကုသဇာတ်တော်”** ကိုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ အသေးစိတ်အချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သင်္ကြန်တွင်းငါးရက် ဒုလ္လဘတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ အမရဝတီ ကျောင်းတိုက်၌ ၁၃၆၆ ခုနှစ် တန်ခူးလဆန်း ၅ရက် (သင်္ကြန်အကြိုနေ့)မှစ၍ နှစ်ဆန်း ၁ရက်နေ့အထိ ငါးရက်တိုင်တိုင် အထူးတရားစခန်းနှင့် ဒုလ္လဘ ရဟန်းခံပွဲကို ဆရာတော် ဘဒ္ဒန္တ သဇ္ဇန (ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ)နှင့် ဆရာတော် ဘဒ္ဒန္တ ရေဝတ၊သီတဂူကြယ်တစ်ပွင့်အရှင်ပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ) တို့ကဦးစီး၍ ကျောင်းအမကြီး ဒေါ်ခင်သီသီဦး အမှူးပြုသော စေတနာရှင် ဒါယကာ ဒါယိကာမများက ကျင်းပပြုလုပ်မည်ဖြစ်ရာ တစ်နေ့သုံးကြိမ် စုပေါင်း တရားထိုင်၍ ညစဉ် ၇နာရီမှစတင်၍ တရားဟောကြားတော်မူမည်။

ဒုလ္လဘ ရဟန်းဝတ်လိုသူများနှင့် တရားစခန်းဝင်လိုသူများသည် ဧပြီ ၆ ရက်နောက်ဆုံးထား၍ ဦးညို အေး ဖုန်း-၅၇၂၆၃၈၊ ဦးမျိုး ဖုန်း-၀၉-၅၀၀၀၈၃၈ အမရဝတီကျောင်းတိုက် ကုန်းတလပေါင်ကျေးရွာ မင်္ဂလာဒုံမြို့နယ်တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာကျန်းမာရေးလမ်းညွှန် (၂၀၀၅)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၅

EUREKA Co., Ltd. က နှစ်စဉ်ထုတ်ဝေလျက်ရှိသော မြန်မာကျန်းမာရေးလမ်းညွှန် Myanmar Health Care Directory (၂၀၀၅) ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ရန်ကုန်မြို့၊ မန္တလေးမြို့တို့၏ လူနာတင်ယာဉ်ဝန်ဆောင်မှုများ၊ ကိုယ်ကာယလေ့ကျင့်ရေးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများ၊ အထွေထွေရောဂါကု ဆေးရုံများ၊ အထူးကုဆေးခန်းများ၊ အထွေထွေရောဂါကုဆေးခန်းများ၊ သွားနှင့်ခံတွင်းဆေးကုခန်းများ၊ မျက်မှန်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးကုခန်းများ၊ ဆေးဆိုင်များ၊ တိုင်းရင်းဆေးဝါးကဏ္ဍ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ တိုင်းရင်းဆေးရုံနှင့်ဆေးကုဌာနများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များနှင့် ကြော်ငြာများကို စုစည်းဖော်ပြထားသည်။

ထို့အပြင် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဆေးရုံ၊ ဆေးခန်းများ၊ ဆေးဆိုင်များ၊ မြို့နယ်ကျန်းမာရေးဌာနများ၏ လိပ်စာများနှင့် လူထုအတွက် ကျန်းမာရေးပညာပေးစာမျက်နှာများကိုလည်း ထည့်သွင်းဖော်ပြထားသည်။ စာအုပ်ကို ရန်ကုန်မြို့ အမှတ် ၁၄၅ (၃၆)လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၂၅၃၂၉၅ နှင့် မန္တလေးမြို့ (H-2) ပထမထပ် ၇၈လမ်းနှင့် လမ်း ၃၀ ထောင့် ချမ်းအေးသာစံမြို့နယ် ဖုန်း ၀၉-၅၀၀ ၉၁၀၁ တို့သို့ မှာယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**


# ကမ္ဘာ့ကျန်းမာရေးနေ့

**WORLD HEALTH DAY**



၂၀၀၅ ခုနှစ် ဧပြီလ (၇)ရက်

မိခင်ရင်သွေးကျန်းမာမှ

လူ့ဘောင်ဘဝစဉ်လုပ

လူတိုင်းပါဝင်စောင့်ရှောက်ကြ

Make every mother and child count

ကျန်းမာရေးဝန်ကြီးဌာန


## နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇဝနာဘိဝံသာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝနာဘိဝံသ၏

### ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ရွှေကြာပင်ရွာ ခမည်းတော် ဦးစိန်ဘူး၊ မယ်တော် ဒေါ်ငွေယုံတို့မှ ၁၂၇၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် (အင်္ဂါနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် **၁၂၈၅** ခုနှစ် နယုန်လတွင် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရွှေကြာပင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၀ ပြည့်နှစ် တပို့တွဲလဆန်း ၅ရက်တွင် နတ်တလင်းမြို့နယ် ရွှေကြာပင်ကျောင်း ခဏ္ဍာသိမ်၌ ရွှေကြာပင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသမာလာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် နတ်တလင်းမြို့နယ် ရွှေကြာပင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသမာလာ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ၊ မစိုးရိမ်တိုက် ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ၊ အာသောကာရာမတိုက်၊ ဟံသာဝတီတိုက်၊ ညောင်ရမ်းတိုက်၊ အဘယာရာမရွှေဂူတိုက်၊ စံကျောင်းတိုက် ဆရာတော်တို့ထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကိုသင်ယူ၍ သကျသီဟ ဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယတန်းတို့ကို အောင်မြင်တော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်တိုက်၊ ပေါင်းတည်မြို့ နန်းဦးကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့ ဇဝနာဘိဝံသာရုံကျောင်းတိုက်တို့၌ တပည့်ရဟန်း၊ သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချခြင်း၊ ဆဋ္ဌသင်္ဂါယနာ သံဂိတိကာရက၊ ပါဠိဝိသောဓကအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်တို့ဖြင့် လည်းကောင်း သာသနာရေးတာဝန်များကို အားပေးဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဆေက ရတ္တညုမဟာနာယကစသော ဂုဏ်တို့နှင့်ပြည့်စုံသော ဆရာတော်ဘဒ္ဒန္တ ဇဝနာဘိဝံသအား ၁၃၆၁ခု (၂၀၀၀ပြည့်)နှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် ဤသို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါအရ ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက် (၂၀၀၅ခုနှစ် ဧပြီ ၂ရက်) စနေနေ့ ညနေ ၅နာရီခွဲအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## ထူးခြားသည့်နေ့အပူချိန်များ

၅-၄-၂၀၀၅

မှော်ဘီ- ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

# လိုပြည့်အေးချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘန ဦးစီး၍ ပဲခူးတိုင်း ပဲခူးမြို့နယ် စာသူငယ်ကျေးရွာရှိ လိုပြည့်အေးချမ်းသာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲ၊ အထက်ဌာပနာပိတ်ပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ယောဂီနေ အဆောင်များ၊ စောင်းတန်းများ၊ စက်ရေတွင်းနှင့် ရေစင်များ၊ သောက်ရေသန့်စင်များ၊ လျှပ်စစ်မီးတိုင်များ၊ ရေအလှူရှင်များ၊ စုပေါင်းရေစက်ချပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲတို့ကို ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ အဆိုပါ ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ရေစက်ချရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားပြီး အသေးစိတ်သိလိုပါက ဖုန်း-၅၄၂၈၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပရိယတ္တိသာသနပါလ စာအောင်ဆုဆက်ကပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၅**

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်သံဃနာယကအဖွဲ့ ကြီးကြပ်မှုနှင့် ဥပဋ္ဌာကအဖွဲ့ကဦးစီး၍သတ္တမအကြိမ် ရပ်ကွက်လုံးဆိုင်ရာ ပရိယတ္တိသာသနပါလ စာမေးပွဲကျင်းပခဲ့ရာ စာအောင်သံဃာ ၅၂ ပါးတို့အား ဧပြီ ၉ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဥက္ကဋ္ဌဆရာတော်၏ ဓမ္မပီယကျောင်းတိုက်တွင် စာအောင်ဆု ဆက်ကပ်ပွဲကျင်းပမည်ဟု သိရသည်။ **(က-ပ)**

# ကမ္ဘာတစ်လွှား အားကစား

# ပရီမီယာလိဂ်ပွဲ ဖူလ်ဟမ်က ပို့စ်မောက်ကိုအနိုင်ရ အဲဗာတန်ချန်ပီယံလိဂ်ဝင်နိုင်ရေးမလွယ်ကူ

**လန်ဒန် ဧပြီ ၅**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁)လက်ကျန်ပွဲစဉ်များအဖြစ် ဝက်စ်ဘရွန်းနှင့် အဲဗာတန်၊ ဖူလ်ဟမ်နှင့် ပို့စ်မောက်အသင်းတို့ ဧပြီ၃ရက်က ယှဉ်ပြိုင်ကစားရာ ဝက်စ်ဘရွန်းက အိမ်ကွင်းတွင် အဲဗာတန်အား တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ကစားခဲ့ပြီး ဖူလ်ဟမ်က ပို့စ်မောက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လိုက်ရာမှ အင်ဒီကိုးလ်က၆၃ မိနစ်တွင် ဖူလ်ဟမ်အတွက် ချေပဂိုးပြန်သွင်းယူပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်း အနိုင်ဂိုးရရှိရေး ကစားအားတင် ကြိုးစားသော်လည်း တိုက်စစ်မှူးများဖြစ်သည့် အင်ဒီကိုးလ်နှင့် မောတေးတို့ ရရှိခဲ့သော အခွင့်အရေးများကို အပြည့်အဝ အသုံးမချနိုင်ခဲ့ပေ။

ထို့အတူ ပို့စ်မောက်အသင်း၏ သေချာပေါက် ဂိုးများကိုလည်း တို့အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် မာကပ်စ်ဘင့်၊ အိုစမန်နှင့်ကီလ်ဘာနီတို့က ဝက်စ်ဘရွန်းနောက်တန်းကို မခြိမ်းခြောက်နိုင်ခဲ့ပေ။ အာတီတာ၊ တင်ကာပေးလ်နှင့် ဒေးဗစ်ဝီယာတို့က ကွင်းလယ်ကစားကွက်ကို စိုးမိုးနိုင်သော်လည်း တိကျသော ဘောလုံးဖြန့်ဝေပေးမှုအားနည်းခြင်းကြောင့် တိုက်စစ်မှူးများက

ပရီမီယာလိဂ်ပွဲစဉ်(၃၁) လက်ကျန်ပွဲစဉ်အဖြစ် ဖူလ်ဟမ်နှင့် ပို့စ်မောက်တို့ပွဲတွင် ဖူလ်ဟမ်တိုက်စစ်မှူး မောတေး(အလယ်)က ပို့စ်မောက်ဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

**ဖူလ်ဟမ်နှင့်ပို့စ်မောက်**

အတန်းမဆင်းရရေးကြိုးစားရုန်းကန်နေရသော ပို့စ်မောက်ကို ဖူလ်ဟမ်တို့ အိမ်ကွင်းတွင် ဧည့်သည်အသင်း အဖွင့်ဂိုးသွင်းယူခြင်းကိုခံရပြီးနောက်မှသာ လိုက်လံပြီး ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ အဝေးကွင်းရလဒ်မကောင်းသည့် ပို့စ်မောက်အသင်း၏ တိုက်စစ်မှူးများဖြစ်သော ယာကူဘူ၊ လွာလွာ၊ စတီဗ်စတုန်းတို့က လျင်လျင်မြန်မြန် တိုက်စစ်ဆင်ထိုးဖောက်ကစားနိုင်ခဲ့မှုကြောင့် ၃၂ မိနစ်တွင် ပို့စ်မောက် တိုက်စစ်မှူး လွာလွာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ပထမပိုင်းပြီးချိန်အထိ ဖူလ်ဟမ်တို့ ချေပဂိုးပြန်မသွင်းနိုင်ဘဲရှိရာ ၅၇ မိနစ်တွင် ဂျန်ဆင်အစား လူစားဝင်ရောက်လာသည့် မက်ဘရစ်ထိုးပေးလိုက်သည့် ဘောလုံးကို မောတေးက ရရှိပြီး အင်ဒီကိုးလ်ကို ဖြတ်ပေး

ဖူလ်ဟမ်ဂိုးသမား ဗန်ဒါဆားက အစွမ်းပြ ကာကွယ်နိုင်ခဲ့မှုကြောင့် သက်သာခဲ့ရခြင်းဖြစ်သည်။ထို့နောက် ဖူလ်ဟမ်တိုက်စစ်မှူး မောတေးက ၈၁ မိနစ်တွင် ပို့စ်မောက်ဂိုး၏ ၁၂ ကိုက်အကွာမှနေ၍ အပြင်းကန်သွင်းယူခဲ့ရာမှ ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်ပြီး တတိယဂိုးကို မိနစ် ၉၀ တွင် တိုက်စစ်မှူး မောတေးက သွင်းယူခဲ့သဖြင့် ဖူလ်ဟမ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်း ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယားတွင် (၃၃)မှတ်ဖြင့် အဆင့် ၁၄ ၌ ရှိနေပြီး ပို့စ်မောက်က (၂၇)မှတ်ဖြင့် အဆင့် ၁၆ တွင် ရှိနေသည်။

**ဝက်စ်ဘရွန်းနှင့်အဲဗာတန်**

အတန်းဆင်းဇုန်အတွင်း ရောက်ရှိနေသော ဝက်စ်ဘရွန်းကို အဲဗာတန်တို့ အနိုင်မကစားနိုင်ခဲ့ပေ။ အဲဗာတန် ထိရောက်သည့် ထိုးဖောက်ဂိုးသွင်းမှု မပြုနိုင်ခဲ့ခြင်းဖြစ်သည်။

အဲဗာတန်တို့ ကစားကွက် အသာစီးရနေမှုများမှ ပွဲချိန် ၆၃ မိနစ်တွင် ဝက်စ်ဘရွန်းမှ ရစ်ချက်ဆင်က ညာခြမ်းမှ ဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဝက်စ်ဘရွန်း တိုက်စစ်မှူးဇောတန်ဂီရာကခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်ပြီး ယင်းတစ်ဂိုးတည်းဖြင့် အဲဗာတန်ကို ဝက်စ်ဘရွန်းတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲရှုံးခဲ့သဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပွဲ ဝင်နွှဲရန်မျှော်မှန်းနေသော အဲဗာတန်သည် တန်းစီဇယား ပဉ္စမနေရာတွင် ရှိနေသော လီဗာပူးနှင့် တစ်မှတ်သာကွာသည့် အနေအထားရောက်နေရာ လက်ရှိခြေစွမ်းနှင့် ချန်ပီယံလိဂ်ပွဲ ဆင်နွှဲရန် လွယ်ကူမည်မဟုတ်ပေ။ **(အင်တာနက်)**

ပရီမီယာလိဂ်ပွဲစဉ်(၃၁)လက်ကျန်ပွဲစဉ်အဖြစ် ဝက်စ်ဘရွန်းနှင့် အဲဗာတန်တို့ပွဲတွင် ဝက်စ်ဘရွန်းမှ ရစ်ချက်ဆင်နှင့် အဲဗာတန်မှ မီကယ်အာတီရာတို့ ဘောလုံးရရှိရေးကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပြည်နယ်နှင့်တိုင်းအသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ ကချင်ပြည်နယ်က ရေဝတီတိုင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် ဧပြီ ၅**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့်(၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ကချင်ပြည်နယ် အသင်းက ရေဝတီတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ကချင်ပြည်နယ်အသင်းအတွက် ဦးဆောင်ဂိုးကိုပွဲစပြီးနှစ်မိနစ်အကြာတွင် ဟန်ထွန်းလေးက သွင်းယူပေးသည်။ ရေဝတီတိုင်းအသင်းအတွက် ချေပဂိုးကို ပွဲချိန်ရှစ်မိနစ်တွင် စောမင်းကိုက သွင်းယူပေးသည်။ ပုံမှန်ပွဲကစားချိန် မိနစ်၆၀ပြီးဆုံးသည်အထိ တစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပိုမိနစ်၂၀ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ကချင်ပြည်နယ်အသင်းအတွက် ဒုတိယဂိုးနှင့် အနိုင်ဂိုးကို အချိန်ပိုပထမပိုင်းနှစ်မိနစ်တွင် ဟန်ထွန်းလေးက သွင်းယူပေးသည်။

ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကချင်ပြည်နယ်အသင်းမှ ဂိုးသမား ဘောစ်တိမ်းက ရရှိသည်။ ယမန်နေ့ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲစဉ်၌ ကချင်ပြည်နယ်အသင်းနှင့် ရေဝတီတိုင်းအသင်းတို့ ဆုံတွေ့ကြရာ ကချင်ပြည်နယ် အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

**ဗိုလ်လုပွဲ**

ဧပြီ၇ရက်ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းအသင်းနှင့်ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မြန်မာ့ရုပ်မြင်သံကြား

**၆-၄-၂၀၀၅(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး

၇:၅၅ ၅။ အရေးပြိုင်ပွဲ

၈:၀၀ ၆။ ရွှေလောင်းတံတား

၈:၁၅ ၇။ ခါသကြိန်အဆိုအကများ

၈:၃၀ ၈။ International News

၈:၄၅ ၉။ Let's Go

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု)(ရုက္ခဗေဒ)

၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၃၀ ၇။ အတီးပြိုင်ပွဲ

၁၇:၄၀ ၈။ သီချင်းကြီးပဒေသာ

၁၇:၅၅ ၉။ 'စက်မှုတပ်ဆင်လုပ်ငန်းတွင်' အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)

၁၈:၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၁၈:၁၀ ၁၁။ Discovery

၁၈:၂၀ ၁၂။ ခါသကြိန်အဆိုအကများ

၁၈:၃၀ ၁၃။ ညနေခင်းသတင်း

၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၅။ ခါသကြိန်အဆိုအကများ

၁၉:၂၀ ၁၆။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ

၁၉:၃၅ ၁၇။ တေးဂီတအစီအစဉ်

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ ၂၀၀၄-၂၀၀၅ခုနှစ် ပန်တျာကျောင်း(ရန်ကုန်) သင်တန်းဆင်းကပွဲ

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

# အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ဘဏ္ဍာ/အခွန်က ပို့ဆောင်ရေးကိုအနိုင်ရရှိ

**ရန်ကုန် ဧပြီ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၄နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန် အသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်များအပြီးတွင် ဘဏ္ဍာ/ အခွန်အသင်းက ကိုးပွဲကစား (၂၇)မှတ်၊ ပို့ဆောင်ရေးအသင်းက ၁၂ပွဲကစား (၂၁)မှတ် ရရှိထားကြသည်။ ဘဏ္ဍာ/အခွန်အသင်းနှင့် သစ်တောရေးရာအသင်းတို့ (၂၇)မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အရ ဘဏ္ဍာ/အခွန်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

**ယနေ့ပွဲ**

ဧပြီ ၆ ရက်**(ယနေ့)**ညနေ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ ပဒေသာအားကစားကွင်း၌ တံခွန်အသင်းနှင့် လယ်ယာ/ ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပရီမီယာလိဂ်ပွဲစဉ်(၃၁)အနိုင်အရှုံး

ရန်ကုန် ဧပြီ ၅

| | | |
|---|---|---|
| ချာလ်တန် | ၂-၂ | မန်စီးတီး |
| အာဆင်နယ် | ၄-၁ | နော့ဝှစ်ချ် |
| ဘာမင်ဂမ် | ၁-၁ | တော့တင်ဟမ် |
| ခရစ္စတယ်ပဲလေ့စ် | ၀-၁ | မစ်ဒယ်ဘရော့ |
| လီဗာပူး | ၁-၀ | ဘော်လတန် |
| မန်ယူ | ၀-၀ | ဘလက်ဘန်း |
| နယူးကာဆယ် | ၀-၃ | အက်စတွန်ဗီလာ |
| ဖူလ်ဟမ် | ၃-၁ | ပို့စ်မောက် |
| ဝက်စ်ဘရွန်း | ၁-၀ | အဲဗာတန် |
| ဆောက်သမ်တန် | ၁-၃ | ချယ်လ်ဆီး |

(မြန်မာ့အလင်း)

# မီးဘေးရှောင် မလောင်ခင်တား

## လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်ရေး ဆွေးနွေး

**မင်းလှ မတ် ၃၁**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးသည် သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေးနှင့်အတူ

မတ် ၂၁ ရက်မှ ၂၄ရက်အထိ သာယာဝတီခရိုင်ရုံးနှင့်မြို့နယ်ရုံးများဖြစ်သည့် လက်ပံတန်း၊ မင်းလှ၊ မိုးညှင်း၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်းနှင့်နတ်တလင်း မြို့နယ်များသို့သွားရောက်ပြီး ခရိုင်နှင့် မြို့နယ်ရုံးများရှိဝန်ထမ်းများအား တွေ့ဆုံ၍ ၂၀၀၅–၂၀၀၆ ခုနှစ်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ စီမံချက်ရေးဆွဲပြီး လျာထားချက်အတိုင်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆွေးနွေးကြောင်း သိရသည်။ **(ဝဲပုံ)(မြို့နယ် ပြန်/ဆက်)**

**မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောခြင်း၊ မီးသတ်ဆေးဘူးများသုံးစွဲခြင်းတို့ ပြသပေးဝေခြင်းကို မတ် ၁၃ ရက်က တာချီလိတ်မြို့ မြို့မဈေးကြီးအတွင်း၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ လက်ကမ်းစာစောင် ဖြန့်ဝေ ဆောင်ရွက်ပြသစဉ်။**

**(ခရိုင် ပြန်/ဆက်)**

**အမှတ် ၃၇၊ ၅၃လမ်း၊ ပုဇွန်တောင် မြို့နယ်နေ ဒေါ်ထွန်းကြည် မိသားစုက အလှူငွေ ကျပ် တစ်သိန်းနှစ် သောင်း ကို ဖြဟ္မ ဝိဟာရ ပရိ ယတ္တိ စာသင် တိုက် သုဒဿနလမ်း ၁၆/၂ရပ် ကွက်သ ဃ်န်း ကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အမှုဆောင်ဦးညွန့်သိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။**

(မြန်မာ့အလင်း)

## စာကြည့်တိုက်များ မင်းဘူးမြို့၌ဖွင့်

**မင်းဘူး မတ် ၃၁**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ပေါ် ရပ်ကွက်များဖြစ်သော အမှတ် ၁၊ ၂၊ ၃၊ ၄ရပ်ကွက်တို့တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရပ်ကွက်စာကြည့်တိုက်များသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွန်းအောင်က သုတ၊ ရသ စာအုပ်များပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌများက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျန်းမာရေးပညာပေး ဟောပြောပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

**လက်ပံတန်း မတ် ၃၁**

လက်ပံတန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို မတ် ၈ ရက်က မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်ကျော်မြင့်က အမျိုးသမီးများနှင့် အေအိုင် ဒီအက်စ်ရောဂါအကြောင်း ဟောပြောပြီး အသင်းဝင်အဆိုပြုလွှာများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကိုယ် စားလှယ်များက ပေးအပ်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဌေးကြည်က လက်ခံရယူကြောင်း သိရသည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

## တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုပေးပွဲအခမ်းအနား ပခုက္ကူမြို့၌ကျင်းပ

**ပခုက္ကူ ဧပြီ ၁**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို မတ် ၂၄ ရက်နံနက် ၉ နာရီက ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး(ပြင်ပလူနာဌာန)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ဌေးကြွယ်က ဖတ်ကြားသည်။

ထို့နောက် ပခုက္ကူမြို့တီဘီရောဂါတိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်မာမာဌေးက တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ၂၀၀၄ခုနှစ်ပခုက္ကူမြို့နယ်အတွင်း တီဘီလူနာများအား ဆေးတိုက်ကျွေးခဲ့ကြသူများအနက် အကောင်းဆုံး ဆေးတိုက်ကျွေးခဲ့ကြသူများအား မြို့နယ် အတွင်းရေးမှူး ဦးဝင်းမြင့်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဌေးနှင့် ကလေးအထူးကု ဆရာဝန်ဒေါက်တာဒေါ်မိုမိုအောင်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(၄၁၃)

**စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ ၅၂ ရွာတွင် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းပေါင်း ၅၂ခုကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်က လက်ဖက်ခင်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးလှမိုးက ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

**အင္ဂမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် တပ်ကုန်းမြို့ မြို့မဈေးကြီး ပတ်ဝန်းကျင်ရှိ အမှိုက် သရိုက်နှင့် ချုံနွယ်များကို မြို့နယ်စည် ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိနှင့် ဒုတိယဦးစီးမှူး(ဈေး)တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (၂၆၆)

## ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

| | | |
|---|---|---|
| ၁။ | လက်ဝယ်တွေ့သူ | – ထောင်တစ်နှစ် |
| ၂။ | ကစားသူ | – ထောင်သုံးနှစ် |
| ၃။ | ထုတ်လုပ်ရောင်းချသူ | – ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း |

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

**မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။**

## မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- * အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- * သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

## သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။**

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး လုပ်ငန်းဆောင်ရွက်မှုကို မတ် ၄ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်း ကွင်းဆင်းစစ်ဆေးရာ တောင်ကျောင်းကြီးအဝိုင်း မြေယာရှုခင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

## မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

**ကြို့ပင်ကောက် မတ် ၂၈**

ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၂)၌ ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ တိုက်ကျောင်းပါဠိတက္ကသိုလ် ဂန္ထဝါစကနာယက သာသနဓဇ မဟာစရိယ ဝိနယဝိဒူနယ်လည်းမှုကထိက ဆရာတော် ဦးကောသလ အရှင်မြတ်က မိုးကုတ်ဆရာတော်ကြီး၏ဥပဒိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ်သင်တန်း သစ္စာလေးပါး အလုပ်ပေးတရားများကို ဟောကြားမည်ဖြစ်သည်။ ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် စခန်းပွဲ အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုရည်၊ ဖျော်ရည်များ လှူဒါန်းလိုသော အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

မတ်၁၅ရက်က မိုးမိတ်မြို့နယ် ရွှေကျောင်း စာသင်တိုက်၌ ဗုဒ္ဓဘာသာ သာသနာ့အဆုံးအမ ခံယူပွဲတွင်ဆရာတော်၊ သံဃာတော်များအား တက်ရောက် လာသူများက လှူဖွယ် ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပြီးပူဇော်ကန်တော့ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## မြင်းခြံမြို့ အထက် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မြင်းခြံ မတ် ၃၀

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် အထက်မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယင်းလမ်းထိပ် မုခ်ဦး၌ မတ်၂၈ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

## ရမည်းသင်းခရိုင်အတွင်းရှိ စာကြည့်တိုက်များ စနစ်တကျဖွင့်လှစ်ထားရှိရေး ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း မတ် ၃၁**

ရမည်းသင်းခရိုင်အတွင်း ဖွင့်လှစ်ခဲ့သည့် ကျေးရွာပေါင်း ၁၃၁၆ရွာရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စနစ်တကျ ဖွင့်လှစ်ထားရှိရေးအတွက် မတ် ၇ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း ဦးဆောင်၍ မြို့နယ် ငါးမြို့နယ်မှ ဦးစီးမှူးများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စုသိမ်ကုန်းကျေးရွာအုပ်စုနှင့် ဆည်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၂ရွာသို့ သွားရောက်၍ စာကြည့်တိုက် ဆိုင်းဘုတ်နေရာ၊ စာအုပ်နှင့် စာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ စာကြည့်တိုက်အဂ်ါရပ်နှင့် ပြည့်စုံမှုရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

သန်လျင်မြို့ မြို့ဟောင်း အလက ၂၀၀၄-၂၀၀၅ခု ပညာ သင်နှစ် အခြေခံပညာအလယ် တန်းနှင့် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ်၃၀ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက အဋ္ဌမတန်းမှ မနှင်းဆုမွန်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

### ဖါကြီးဖြတ်ဖွင့်လှစ်

ရေးဦးစွာ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ချင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းကို ခရိုင် ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး လမ်းကိုလိုက်လံစစ်ဆေးကြသည်။

### ဆောင်ရွက်ပေးခဲ့

အဆိုပါကတ္တရာလမ်းသည် အရှည်ပေ ၄၂၅၀၊ အကျယ် ၂၄ပေရှိပြီး လမ်းနှင့်အတူ ပလက်ဖောင်း၊ ရေမြောင်းတို့ ကိုလည်း စံပြလမ်းအဂ်ါရပ်နှင့် အညီဖြစ်စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**

## စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း မိုင်းဖြတ်မြို့၌ဖွင့်

**မိုင်းဖြတ် ဧပြီ ၂**

မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲကို ဧပြီ ၁ရက် မွန်းလွဲ ၁နာရီက အဆိုပါအသင်းရုံး ခန်းမတွင် ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

### တက်ရောက်

အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူး၊ သင်တန်းသားနှင့် သင်တန်းသူ ၅၂ဦး တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### စိစစ်ရေးကတ်ပြားပေးအပ်

မော်ဘီမြို့နယ် ဘိုးဒါနကုန်းကျေးရွာအုပ်စုတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်ကကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးဦးအုန်းလွင်က နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

## ပညာ့အလင်းစာကြည့်တိုက်သို့ မီးစက်လှူဒါန်း ကွန်ပျူတာနှင့်အင်္ဂလိပ်စာ သင်တန်းဆင်းပွဲကျင်းပ

ရွှေဘို မတ် ၃၁

ရွှေဘိုခရိုင် ခေတ်မီစာကြည့်တိုက်သို့ မီးစက်လှူဒါန်းခြင်းနှင့်အမှတ်စဉ် (၁၇)ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၁ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်နှင့် ရွှေဘိုဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးခင်မောင်တင်တို့က သင်တန်းဆင်း အမှာစကား ပြောကြားကြသည်။

ထို့နောက် ပညာ့အလင်းခေတ်မီစာကြည့်တိုက်အတွက် ခရိုင်ဥက္ကဋ္ဌက မီးစက်ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဦးဘုန်းကျော်က လက်ခံရယူသည်။ ဆက်လက်၍အင်္ဂလိပ်စာသင်တန်းဆင်း လက်မှတ်များကို ဆရာကြီး ဦးသန်းထွန်းကလည်းကောင်း၊ ကွန်ပျူတာ သင်တန်းဆင်းလက်မှတ်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းသန်းကလည်းကောင်း ပေးအပ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ပျော်ဘွယ်မြို့နယ် အမှတ်(၁) သံကာဈေးနှင့် အမှတ်(၂) ပုံကျဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် ဈေးမိဈေးဖများက ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

**မတ်၁၃ရက်က မုဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်နှင့် ဝန်ထမ်းများက ဘဲရမ်းကျေးရွာ၌ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။**

(၁၆၈)

## မြန်မာ့အသံ

၇-၄-၂၀၀၅

(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေချိုရေထွက်ပစ္စည်းလုပ်ငန်းနှင့် မြင့်ရေထွက်ပစ္စည်းလုပ်ငန်း)

၁၁:၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ

(၁)ဘယ်လိုလုပ်ရပ် (ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်)

(၂)လူသားနှင့်နှလုံးသားပုံရိပ်များ (ဒေါက်တာသိန်းလွင်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (သတ္တဝါတို့၏ လေ့ရစရိုက်-မောင်ဆုရှင်)

၁၂:၂၀ အစာနှင့် အာဟာရ(ကညွတ်)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာဆီးပွားရေး သတင်းပေသော

၁၆:၄၅ ကမ္ဘာ့ကျန်းမာရေးနေ့ ဆွေးနွေးခန်း

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာ ဖြေကြားလွှာ

၁၉:၁၅ ဇာတ်လမ်းပမာနာဆင်စရာ (သကြိုန်စစ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေးအတွင်းအပြင်တွင် မတ်၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များစုပေါင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်အဖွဲ့ဥက္ကဋ္ဌဦးရဲလှနှင့် အမှုဆောင်အရာရှိ ဦးထန်နိုင်တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# တောင်ကြီးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်

**တောင်ကြီး ဧပြီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီ အခြေခံအားကစားသင်တန်းများကို တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်းနှင့် အားကစားရုံများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းတွင် အားကစားနည်းများအဖြစ် ဘောလုံး၊ သိုင်း၊ ဘတ်စကက်ဘော၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ကြက်တောင်၊ ခြင်းလုံး၊ အေရိုးဗစ်၊ ဘော်လီဘောနှင့် ပြေးခုန်ပစ် တို့ဖြစ်ကြပြီး သင်တန်းသား ၇၀၀ကျော် တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ မတ် ၁၀ရက်မှ ဧပြီ ၁၀ရက်အထိဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် အား/ကာ)**

မတ်၂၄ရက်က ကျောက်ပန်းတောင်းမြို့ ဥသျှစ် ကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ (၁၀)ကြိမ်မြောက် ပါဠိပထမပြန် တိုက်တွင် စာမေးပွဲအောင် ဆုနှင်းသဘင် အခမ်းအနားတွင် အလှူရှင်များက ဆရာတော်များထံ အောင်လက်မှတ်နှင့် ဆုဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၆၁)

# စည်ပင်ညွှန်မှူး မောင်တောမြို့အတွင်း ကွင်းဆင်းစစ်ဆေး

**မောင်တော မတ် ၃၁**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်တို့သည် ဖေဖော်ဝါရီ ၁၅ရက်က မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် ခရိုင်ပျိုးဥယျာဉ်ရှိ အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**(ပြည်နယ်စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဇီးကုန်းမြို့၌ကျင်းပ

ဇီးကုန်း မတ် ၃၁

**၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်၂၄ရက်က ဇီးကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်လွင်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကိုဖတ်ကြားခြင်းနှင့်အတူတိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု နည်းဗျူဟာတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့သူများအားဆုများပေးအပ်ချီးမြှင့်သည်။

## တိုက်ကျွေး

ဇီးကုန်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု၃၄အုပ်စုရှိ တီဘီရောဂါဝေဒနာရှင်များကို အခမဲ့တီဘီရောဂါဆေးဝါးကုသတိုက်ကျွေးခြင်းကို ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာရှင်ဝန်ထမ်းများ၊ ကျန်းမာရေးလုပ်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေး အသင်းအဖွဲ့များက စုရပ်အသီးသီးတွင် တစ်ပြိုင်တည်း တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်/ကျန်းမာရေး)**

မတ်၈ရက်က ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော တောင်ပို့ကြီးကျေးရွာ ကျေးလက်တံတားကို အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# ဆီဆိုင်မြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ဆီဆိုင် မတ် ၂၄

**ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် တုန်းဆွတ်ကျေးရွာအုပ်စု နမ်းစစ်ရွာတွင် ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မတ်၁၂ရက် နံနက်၁၀နာရီက နမ့်စစ်ရွာ တွဲဖက်အလယ်တန်းကျောင်းတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရေဒီယိုကက်ဆက်ကို ကျေးရွာ စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းသည်။**(အောက်ယာပုံ)**

## သုတဘဏ်စာကြည့်တိုက်

ဆက်လက်၍ ထိုနေ့မွန်းလွဲ ၂နာရီက ကုန်းဆွတ်ကျေးရွာအုပ်စု မြေနီကျေးရွာ သုတဘဏ် ကိုယ့်အားကိုယ်ကိုးစာကြည့် တိုက်ဖွင့်ပွဲကို မြေနီကျေးရွာမူလတန်းကျောင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုးညွှန့်ရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးဆံလူတို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကိုဖွင့်လှစ်ပေးကြသည်။

## လှူဒါန်း

အဆိုပါသုတဘဏ်စာကြည့်တိုက်အတွက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှရေဒီယိုကက်ဆက်တစ်လုံးကိုကျေးရွာသူ ကျေးရွာသားများ အပန်းဖြေ နားသောတဆင်ရန်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကြီးကြပ်ဆောင်ရွက်

**မတ်၄ရက်က မင်းဘူးမြို့ စည်ပင်သာယာဈေးအား မီးဘေးလုံခြုံရေးအတွက် ဒုတိယဦးစီးမှူး (ဈေး) ဦးမျိုးဝင်းဦးဆောင်၍ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လက်တွေ့ သရုပ်ပြ လေ့ကျင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမြင့်လွင်က ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)

**မတ် ၉ရက်က စလင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဈေးကြီးအတွင်း မီးဘေး အန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မီးငြိမ်း သတ် နည်းလက်တွေ့ သရုပ်ပြမှုကို အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မီးသတ်တပ်စုမှူး ဦးအောင်ကျော်ဝင်းနှင့် ဈေးတာဝန်ခံ ဦးအောင်လွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၄ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ တနင်္သာရီတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# စီးပွားရေးလုပ်ငန်းရှင်များ တိုင်းပြည်အပေါ်စေတနာကောင်းထား၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

❑ အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျနေသည့် နိုင်ငံတော်၏အားနည်းချက်များနှင့် လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် အင်အားစုသုံးရပ် ပေါင်းစည်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်မှသာ အောင်မြင်မည်၊ ပြည်သူများဆိုရာ၌ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း အပါအဝင်ဖြစ်၊

❑ စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ အတ္တဟိတနှင့် ပရဟိတတို့ကို မျှတစွာထား၍ မိမိကြီးပွားချမ်းသာရေးကို လုပ်ဆောင်သကဲ့သို့ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသား ပြည်သူများ၏အကျိုးကိုပါ သယ်ပိုးရမည်၊ တိုင်းပြည်အပေါ် စေတနာကောင်းထား၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြ၊

❑ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ရာ၌ တိုင်းပြည်၏ စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာအောင် တာဝန်သိသိဖြင့် ကြိုးစားလုပ်ကိုင်နေသော တိုင်းရင်းသားလုပ်ငန်းရှင်များကို တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွားနေကြသော လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များ အဖြစ် မိမိတို့က သဘောထား၊

❑ နိုင်ငံတော်က ယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်ထားသော စီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် လုပ်ငန်းရှင်များအပိုင်းက ဖိဖိစီးစီး ကြိုးစားဆောင်ရွက်၊

❑ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာ၌ မိမိတို့ထမ်းဆောင်ရမည့် အခန်းကဏ္ဍကို နိုင်ငံရေးအရရော စီးပွားရေးအရပါ မှန်မှန်ကန်ကန် ထိုက်ထိုက်တန်တန် နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအပေါ် စေတနာထားကြရန် အရေးကြီး။